၁၉၉၅ ခု အောက်တိုဘာလမှစတင်၍
အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

*Published by Voice of Burma Information Group*

*Issue No. 694 JANUARY 25, 2009*

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**

**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , voburma@ac.auone-net.jp**

## အမျိုးသားညွန့်ပေါင်းအစိုးရအား အသစ်တိုးချဲ့ဖွဲ့စည်း၊ ဒေါက်တာစိန်ဝင်းဝန်ကြီးချုပ်ဆက်အရွေးခံရ

**DVB ၊ ဇန်နဝါရီ ၂၃ ။** ။ပြည်ပရောက် မြန်မာ့လွှတ်တော်ကိုယ်စားလှယ်တွေက အိုင်ယာလန်နိုင်ငံ ဒပ်ဗလင်မြို့မှာစည်းဝေးနေကြပါတယ်။ မနေ့က စတင်တဲ့အစည်းအဝေးကို ပြည်ပရောက်လွှတ်တော်ကိုယ်စားလှယ် ၃၃ ဦးထဲက ကျန်းမာရေးမကောင်းသူတဦးကလွဲလို့ အစုံအညီတက်ရောက်နေပါတယ်။

ပြည်ထောင်မြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ NCGUB ဝန်ကြီးချုပ်ဒေါက်တာစိန်ဝင်းအပါအဝင် လွှတ်တော်ကိုယ်စားလှယ်တွေကို အိုင်ယာလန်နိုင်ငံခြားရေးဝန်ကြီးကိုယ်တိုင် ကြိုဆိုပါတယ်။ NCGUB အစိုးရသစ်ဖွဲ့စည်းပြီးစီးမှသာ ဆွေးနွေးဆုံးဖြတ်ချက်တွေကိုပြောမယ်လို့ လွှတ်တော်အမတ်တွေက မီဒီယာတွေကိုပြောပါတယ်။ မြန်မာအမတ်တွေဟာ နိုင်ငံရေးသမားတွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့လည်း ထပ်မံတွေ့ဆုံဖို့ရှိပြီး ဗဟာဗျူဟာကိစ္စ၊ အထူးသဖြင့် ၂၀၀၉ နှစ်သစ်ကူးကြေညာချက်ပါ စင်ပြိုင်အစိုးရသစ်ဖွဲ့စည်းရေးကိစ္စ ဆွေးနွေးဖို့ရှိတယ်လို့သတင်းတွေ ထွက်ပေါ်နေပါတယ်။ စစ်အုပ်စုအာဏာပိုင်တွေက ဖမ်းဆီးအရေးယူထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့အရေးကိုလည်း ဒပ်ဗလင်ညီလာခံမှာဆွေးနွေးစေချင်တယ်လို့ မြစ်ကြီးနားထောင်မှာ ထောင်ဒဏ် ၅၉ နှစ်ကျခံနေရတဲ့ ဒေါက်တာဇော်မြင့်မောင်ရဲ့ဇနီးဒေါ်ယုယုမေက ဒီဗွီဘီ ကို ပြောပါတယ်။

"အကျဉ်းကျနေတဲ့ကိုယ်စားလှယ်ကိုလည်း သူတို့လွှတ်မြောက်ရေးအတွက်ကို ကြိုးပမ်းပေးရင်တော့ကောင်းတာပေါ့နော်။ ကြိုးလည်းကြိုးပမ်းပေးမယ်လို့မျှော်လင့်ပါတယ်။" ဒေါက်တာဇော်မြင့်မောင်အပါအဝင် လွှတ်တော်အမတ် ၁၇ ဦးကို စစ်အုပ်စုအာဏာပိုင်တွေက ဖမ်းဆီးအကျဉ်းချထားပါတယ်။

**VOA ၊ ဇန်နဝါရီ ၂၄ ။** ။ပြည်ပရောက် မြန်မာအစိုးရအဖွဲ့ဖြစ်တဲ့ NCGUB ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရကို ဝန်ကြီးအဖွဲ့ဝင်အသစ်တချို့ထပ်တိုးပြီး ဖွဲ့စည်းလိုက်ပါပြီ။

ဝန်ကြီးချုပ်ကိုတော့ အရင်ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းကိုပဲ ပြန်ပြီးရွေးချယ်ခဲ့ကြပါတယ်။ အဲဒီရွေးကောက်ပွဲကို အိုင်ယာလန်နိုင်ငံ မြို့တော် ဒပ်ဗလင်မှာကျင်းပခဲ့တာပါ။ ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ ပြည်ပရောက်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေနဲ့ဖွဲ့စည်းထားတဲ့ MPU အဖွဲ့ရဲ့ ၄ နှစ်တကြိမ်ကျင်းပတဲ့ညီလာခံနဲ့အတူ NCGUB ရဲ့ အစိုးရသစ်တိုးချဲ့ဖွဲ့စည်းမှုကိုလုပ်ခဲ့ကြတာပါ။ နအဖစစ်အုပ်စုကို ကုလသမဂ္ဂကနေ ဖယ်ရှားရေးဆိုတဲ့ အစီအစဉ်ကတော့ အများရဲ့ သဘောတူညီချက်နဲ့ ပယ်ချခံခဲ့ရတယ်လို့ဆိုပါတယ်။ NCGUB အစိုးရမှာ ဝန်ကြီးသစ်တဦးအဖြစ် တက်လာတဲ့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မြင့်ထွန်းကို VOA ဆက်သွယ်မေးမြန်းထားပါတယ်။

ဒီတခေါက်ကျင်းပတဲ့ညီလာခံက အထူးခြားဆုံးအချက်က ဘာပါလဲခင်ဗျ...

"အစိုးရအဖွဲ့ကို ပြန်ပြီးတော့မှ ကျနော်တို့ ရွေးချယ်နိုင်ခဲ့ပါတယ်။ ဒါ ကျနော်တို့ ထူးခြားချက်ပါ။ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရကို တိုင်းရင်းသားခေါင်းဆောင်တွေအပါအဝင် ပါဝင်သင့်ပါဝင်ထိုက်တဲ့ပုဂ္ဂိုလ်တွေနဲ့ တိုးချဲ့ဖွဲ့စည်းရမယ်ဆိုတဲ့အဲဒီမူကို ဆက်လက်အကောင်အထည်ဖော်ဖို့အတွက်ကိုလည်း ဒီညီလာခံကနေ လုပ်ငန်းအကောင်အထည်ဖော်ဖို့အတွက်ကိုချ မှတ်ဆောင်ရွက်နိုင်ခဲ့ပါတယ်"။

အစိုးရသစ်ဖွဲ့တယ်ဆိုတော့ ဒီအစိုးရသစ် က ဘယ်သူတွေနဲ့ဖွဲ့တဲ့ အစိုးရသစ်လဲ၊ ဘာတွေထူးခြားပါသလဲခင်ဗျ၊ ဒီအစိုးရသစ်က အရင်အစိုးရနဲ့ ဘာကွာပါသလဲခင်ဗျ...

"ပြန်လည်ပြီးတော့မှ ဒီမိုကရေစီနည်းကျပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ လျှို့ဝှက်ဆန္ဒမဲတွေနဲ့ ပြန်ပြီးတော့ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။ ဝန်ကြီးချုပ်ကတော့ ဒေါက်တာစိန်ဝင်း ကပဲ ပြန်ပြီးတော့ တာဝန်ထမ်းဆောင်ခွင့်ရပါတယ်။ နောက်တခါ ယခင်က ကျနော်တို့ ဝန်ကြီးတာဝန်တွေယူခဲ့ကြတဲ့ ဦးဘိုလှတင့်၊ ဒေါက်တာတင့်ဆွေ၊ ဦးခွန်မားကိုဘန်း တို့လည်း ဝန်ကြီးတွေအဖြစ်နဲ့ ပြန်ပြီးတော့ရွေးကောက်တင်မြှောက်ခံရပါတယ်။ ဒီအစိုးရအဖွဲ့ထဲမှာ အသစ်အနေနဲ့ကတော့ ခွန်မြင့်ထွန်း၊ ကိုဝင်းလှိုင်၊ ဦးထွန်းဝင်းတို့သုံးဦးရွေးကောက်တင်မြှောက်ခံရပါတယ်"။

ဒီအစိုးရအဖွဲ့သစ်က ကိုယ်စားလှယ်သစ်သုံးဦးထပ်တိုးတာကလွဲပြီးတော့ ဘာမှမထူးခြားဘူးဆိုတဲ့သဘောလား...

"ဟုတ်ကဲ့၊ ကျနော်တို့ ဒီအစိုးရအဖွဲ့ကို ဖွဲ့တဲ့အခါမှာတော့ အခြေအနေအကြောင်းအမျိုးမျိုးအပေါ်မူတည်ပြီးတော့ အခုလို ဒီလူဦးရေရဲ့ အနေအထားကတော့ ပြန်လည်ဖွဲ့စည်းရတာဖြစ်ပါတယ်၊

**စာမျက်နှာ ၃ သို့**

အခြေခံဥပဒေပြင်ဆင်ရေး ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီတောင်းဆို — **စာမျက်နှာ ၈**

အိုဘားမားနှင့်ပတ်သက်၍ မြန်မာ့နိုင်ငံရေးသမားအချို့၏ အမြင်သဘောထား — **စာမျက်နှာ ၈**

ရန်ကုန်တိုင်းရှိ ခရစ်ယာန်ဝတ်ပြုအသင်းများကို အာဏာပိုင်များက ပိတ်ပင် — **စာမျက်နှာ ၁၆**

ဒေါ်စုအားချုပ်ပိုင်ခွင့် ပေလကုန် ၆ နှစ်ပြည့်ပြီဟု ရှေ့နေဦးကြည်ဝင်းပြော — **ကျောဖုံး**

ဦးသန့်ရာပြည့်မွေးနေ့ အခမ်းအနား ပြည်တွင်းပြည်ပတွင် ဂုဏ်ပြုကျင်းပ — **စာမျက်နှာ ၃**

## VOB အာဘော်

# တိုးတက်သည့်ရလဒ်ပေါ်လာရမည့်ခရီးစဉ်

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၏ မြန်မာပြည်ဆိုင်ရာအထူးကိုယ်စားလှယ် အီဘရာဟင်ဂမ်ဘာရီ မြန်မာပြည်ထပ်မံသွားမည်ဟု သိရသည်။ မြန်မာစစ်အာဏာပိုင်များက ဖိတ်ကြားသည့်အတွက်ဖြစ်သည်ဟု ကုလသမဂ္ဂက ဆိုသည်။ ရှေ့မတိုးနောက်မဆုတ်ဖြစ်နေသော မြန်မာ့နိုင်ငံရေးအခြေအနေကို ဖြိုခွင်းနိုင်ရေးအတွက် ယခုခရီးမှာ မစ္စတာဂမ်ဘာရီပြတ်ပြတ်သားသားလုပ်ကိုင်ရမည်။

နအဖသည် နိုင်ငံတကာအသိုင်းအဝိုင်း၏ ဖိအားပေးမှုများကို ခံနေရသည်၊ သို့သော် ထိုဖိအားများကို ကြံ့ကြံ့ခံနေသည်။ နအဖသည် ၄င်းတို့ချမှတ်ထား သော လမ်းပြမြေပုံအတိုင်းသွားမည်ဟု ဆုံးဖြတ်ထားခြင်းကြောင့် နိုင်ငံတကာ၏ဖိအားကို မိုက်မဲစွာဖြင့် ကြံ့ကြံ့ခံနေသည်။ ထိုအတွက် ရလဒ်မှာ မြန်မာပြည်သူပြည်သားများရင်ဆိုင်နေရသည့် အကျပ်အတည်းပေါင်းကို ဖြေရှင်းနိုင်ခြင်းမရှိဆိုသည်ပင်ဖြစ်သည်။

ဆင်းရဲသောတိုင်းပြည်များအတွက် နိုင်ငံတကာအသိုင်းအဝိုင်းမှ စီးပွားရေးနှင့် လူမှုရေးကူညီထောက်ပံ့မှုများသည် အလွန်အရေးကြီးသည်၊ လူသားချင်းစာနာထောက်ထားမှုအကူအညီဖြင့် တိုင်းပြည်ကို ခေတ်မီတိုးတက်စေရန် ဆောင်ရွက်၍မရပေ၊ စီးပွားရေးကူညီထောက်ပံ့မှုများရရှိမှဖြစ်ပေမည်။ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို စစ်မှန်စွာ လုပ်ဆောင်ခြင်းမရှိသည့်အတွက် အနောက်နိုင်ငံများ၏ စီးပွားရေးကူညီထောက်ပံ့မှုများမရရှိပေ။ ထိုကဲ့သို့ အကူအညီများပြန်ရရှိရေးမှာ နိုင်ငံရေးအရ ရှေ့မတိုးနောက်မဆုတ်ဖြစ်နေမှုကို ဖြိုခွဲနိုင်မှဖြစ်မည်။ ထိုအတွက် ပထမဦးဆုံးလုပ်ရမည်လုပ်ငန်းမှာ ထိန်းသိမ်းခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားခေါင်းဆောင်များ အပါအဝင် နိုင်ငံရေးအကျဉ်းသားများကို စစ်အာဏာရှင်များက ပြန်လွှတ်ပေးရေးပင်ဖြစ်သည်။

စစ်အာဏာရှင်များက ထိုသို့ပြန်လွှတ်ခြင်းသည် နိုင်ငံတွင်းအမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်နိုင်ရေးအတွက် စစ်အာဏာရှင်များနှင့် အဲန်အဲလ်ဒီဦးဆောင်သော ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးစုအကြား တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်လာနိုင်မည့်အပြင် အမေရိကန်အပါအဝင် အနောက်နိုင်ငံများက နအဖအပေါ် ပြစ်ဒဏ်ခတ်မှုများရုပ်သိမ်းလာရေးနှင့် စီးပွားရေးကူညီထောက်ပံ့မှုများဖြစ်ထွန်းလာရေးအတွက် အခြေခံအကြောင်းရင်းဖြစ်သည်။

မစ္စတာဂမ်ဘာရီအနေဖြင့် ယခုလာမည့်ခရီးစဉ်တွင် ဤအချက်ကို အောင်မြင်စေရေးအတွက် အလေးပေးကြိုးပမ်းရမည်ဖြစ်သည်။ နအဖစစ်အာဏာရှင်များက ၄င်းတို့ရင်ဆိုင်နေရသောအကျပ်အတည်းများ၊ ပြည်သူများရင်ဆိုင်နေရသည့်ဒုက္ခများအတွက် ထွက်ပေါက်ကို ရှင်းလင်းပြတ်သားစွာမြင်ပြီး လက်တွေ့အကောင်အထည်ဖော်လာစေရန် မစ္စတာဂမ်ဘာရီက ဆောင်ရွက်ရပေမည်။

မြန်မာ့အရေးနှင့်ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်းသည် မစ္စတာဂမ်ဘာရီ၏ဆောင်ရွက်ချက်များကို အလေးပေးစောင့်ကြည့်ကြပေလိမ့်မည်။ ယခင်အကြိမ်များက မြန်မာပြည်ခရီးစဉ်များအတွက် တိုးတက်သည့်ရလဒ်ထွက်ပေါ်လာစေရန် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသည့်အနေအထားများကြောင့် ဝေဖန်ပြစ်တင်မှု များကို ခံနေခဲ့ရသည်။ ထို့ကြောင့် ယခုလာမည့်ခရီးစဉ်တွင် မစ္စတာဂမ်ဘာရီအနေဖြင့် မြန်မာနိုင်ငံ၏ရှေ့မတိုးနောက်မဆုတ်ဖြစ်နေသောနိုင်ငံရေးအခြေအနေကို ဖြိုခွဲနိုင်ပါက စစ်အာဏာရှင်များ၊ ပြည်သူများ၊ ဒီမိုကရေစီအင်အားစုများသာမက မစ္စတာဂမ်ဘာရီအပါအဝင် ကုလသမဂ္ဂအတွက် ကောင်းမွန်သည့်ရလဒ်ပင်ဖြစ်မည်။

---

# အခြေခံဥပဒေပြင်ဆင်ရေး ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီတောင်းဆို

**DVB ၊ ဇန်နဝါရီ ၂၂ ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မီတီ CRPP က နှစ်သစ်ရဲ့ ပထမဆုံးအကြိမ်အစည်းအဝေးကို ရန်ကုန်မှာ ဒီနေ့ကျင်းပရာမှာ ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ အခြေခံဥပဒေကိုပြန်လည်သုံးသပ်ရေးဖြစ်လာ အောင် ဘက်စုံထောင့်စုံကတောင်းဆိုကြဖို့ ဆွေးနွေးတယ်လို့ CRPP အတွင်း ရေးမှူး ဦးအေးသာအောင်က ပြောပါတယ်။

"ဒီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ တကယ်တော့ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေနဲ့ မကိုက်ညီဘူးပေါ့ – ဒီမိုကရေစီအခြေခံမပါဘူး၊ တိုင်းရင်းသားတွေရဲ့အခွင့်အရေးတွေကို အပြည့်အဝဖေါ်ဆောင်ထားတဲ့ အခြေခံမှုတွေ မပါဘူး၊ ဒါကြောင့်မို့လို့ ဒီနေ့ ဒီမိုကရေစီအင်အားစုတွေရော တိုင်းရင်းသားအဖွဲ့အစည်းများရော၊ နအဖ ရေးဆွဲထားတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဟာ လက်ခံနိုင်စရာမရှိဘူး၊ ပြီးတော့ ဒီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်ပြီးတော့ ပြင်ဆင်ပြီးတော့ အကောင်းဆုံး အခြေအနေမျိုးဖြစ်လာအောင် တွန်းအားတွေပေးသွားဖို့ရှိပါတယ်။"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးမှာ မွန်းလွဲ တနာရီခွဲကနေ ၃ နာရီခန့် အထိကျင်းပတဲ့အစည်းအဝေးကို အဖမ်းခံနေရတဲ့ကိုယ်စားလှယ် ၂ ဦး၊ အကျယ်ချုပ်ကျနေသူ ၂ ဦး၊ နေမကောင်း သူ ၂ ဦးနဲ့ ခရီးလွန်နေသူတဦးတို့ကလွဲရင် အဖွဲ့ဝင်အားလုံးတက်ရောက်တယ်လို့ ပြောပါတယ်။ ကချင်၊ ကရင်၊ မွန် စတဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေကလည်း စစ်အုပ်စုရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုလက်မခံတာတွေ့ရတယ်လို့ ဦးအေးသာအောင်က ပြောပါတယ်။

"နအဖ ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံဆိုတာက ဒီမိုကရေစီအင်အားစုတွေဖြစ်တဲ့ NLD ကလည်း လက်မခံနိုင်ဘူး၊ တိုင်းရင်းသား ရွေးကောက်ပွဲဝင်ခဲ့တဲ့ ပါတီတွေကလည်း လက်မခံနိုင်ဘူး၊ ဒ့ါအပြင် ညီလာခံတက်ခဲ့တဲ့ တိုင်းရင်းသား ပါတီတွေကလည်း လက်ခံမှုမရှိဘဲနဲ့၊ သူတို့လိုလားတဲ့မှုတွေကို တင်ပြပေမယ့်လည်းပဲ ဒါကို လက်ခံမှု ဆွေးနွေးမှုတောင်မရှိခဲ့ဘူး၊ ဒီလိုအခြေအနေမျိုးနဲ့တဖက်ကသာ ဆက်လုပ်သွား မယ်ဆိုရင် အနာဂတ်မြန်မာနိုင်ငံဟာ လက်ရှိအခြေအနေထက် ပိုပြီးတော့ ဆိုးနိုင်စရာပဲရှိမယ်။"

CRPP ကို ၁၉၉၈ စက်တင်ဘာ ၁၆ ရက်မှာ စတင်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အကောင်ထည်ဖော်မယ့် ပြည်သူ့လွှတ်တော် ပေါ်ပေါက်အောင် ဆောင်ရွက်ရေးပါ။

---

# အမှန်တရားနှိုးဆော်သူဆု ဒေါ်အောင်ဆန်းစုကြည်ရရှိ

**NEJ ၊ ဂျန်နဝါရီ ၂၀ ။** ။ စစ်အုပ်စုကိုတိုက်ပွဲဝင်ရာ၌ မြန်မာပြည်သူများအား ဦးဆောင်ခဲ့မှုအတွက် အမေရိကန်နိုင်ငံရှိ Realizing the Dream အဖွဲ့မှ 'အမှန်တရားစိတ်ဓါတ်နှိုးဆော်သူဆု' Trumpet of Conscience Award ကို ဒေါ်အောင်ဆန်းဆုကြည်အား ပေးအပ်လိုက်ပါတယ်။

Trumpet of Conscience ဆိုသည်မှာ ကွယ်လွန်သူ လူမဲခေါင်းဆောင် ဒေါက်တာမာတင်လူသာကင်း၏ ၁၉၆၇ ခု နိုဝင်ဘာနှင့်ဒီဇင်ဘာတွင်ဟောပြောခဲ့သည့် နာမည်ကျော် လူ့အခွင့်အရေးဆိုင်ရာမိန့်ခွန်းပေါင်းချုပ်ကိုခေါ်ဆိုသည့် အမည်ဖြစ်ပါတယ်။ ၁၉၆၈ ခုနှစ် ဒေါက်တာမာတင်လူသာကင်း လုပ်ကြံခံရပြီး နောက်ပိုင်း သူ၏ မိန့်ခွန်းပေါင်းချုပ်ကို ထုတ်ဝေနိုင်ခဲ့ပါတယ်။

# ဦးသန့် ရာပြည့်မွေးနေ့အခမ်းအနား ပြည်တွင်းပြည်ပတွင် ဂုဏ်ပြုကျင်းပ

**DVB ၊ ဂျန်နဝါရီ ၂၂ ။** ။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့် နှစ်တရာပြည့်အထိမ်းအမှတ်အခမ်းအနားကို ပြည်တွင်းပြည်ပမှာကျင်းပကြပါတယ်။ ဒီကနေ့ ဂျန်နဝါရီ ၂၂ ရက်ဟာ ဦးသန့်ကို အမှတ်ရဂုဏ်ပြုတဲ့အနေနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်စာဖတ်ဝိုင်းမှာ ဦးသန့်အကြောင်း ဆွေးနွေးဟောပြောကြပါတယ်။

အခမ်းအနားကို ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဝင်းတင်၊ ဦးခင်မောင်ဆွေနဲ့ အဖွဲ့ချုပ်လူငယ် စုစုပေါင်း ၅၀ နီးပါး တက်ရောက်တယ်လို့ အဖွဲ့ချုပ်ဝင်တွေကပြောပါတယ်။

ဦးဝင်းတင်က "ဦးသန့်ရဲ့တည်ကြည်တဲ့စိတ်ထားအကြောင်း၊ ရိုးရာယဉ်ကျေးမှုကိုလေးစားမြတ်နိုးပုံ၊ ဦးသန့်ရဲ့ဆောင်ရွက်ချက်" စတာတွေကို စတင်ဆွေးနွေးပြီးနောက် သခင်စိုးမြင့်နဲ့ ကဗျာဆရာ ဖျာပုံနီလုံဦးတို့ကလည်း ဦးသန့်အကြောင်း ပြောကြားဆွေးနွေးကြတယ်လို့ ရန်ကုန်တိုင်း လူငယ်အကူအညီပေးရေးအဖွဲ့ဝင် ကိုအေးနိုင်ကပြောပါတယ်။ လူငယ်တွေကလည်း ဦးသန့်ရဲ့အတ္ထုပ္ပတ္တိ၊ စွမ်းဆောင်ချက်များ စတာတွေကို ဖတ်ကြားကြပါတယ်။ လက်ရှိကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင်တွေလည်း ကွန်ဂို၊ ကျူးဘား၊ ယီမင် စတဲ့ ကမ္ဘာ့ပြဿနာပေါင်းများစွာကို အောင်မြင်အောင်ဖြေရှင်းခဲ့တဲ့ ဦးသန့်ရဲ့စွမ်းဆောင်ချက်ကိုနမူနာယူပြီး လက်ရှိ မြန်မာပြည်ငြိမ်းချမ်းရေးကိစ္စမှာ အလေးထားဆောင်ရွက်သင့်တယ်လို့ သူကပြောပါတယ်။

ဦးသန့် နှစ်တရာပြည့်အခမ်းအနားကို မလေးရှားရောက် အဖွဲ့ချုပ်အဖွဲ့ဝင်တွေကလည်း ဒီနေ့ကျင်းပကြပါတယ်။ တိုင်းရင်းသားအဖွဲ့အစည်းတွေအပါအဝင် ဒီမိုကရေစီအင်အားစု ၃၀ ကျော် တက်ရောက်တယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) မလေးရှားဌာနခွဲဥက္ကဋ္ဌ ကိုကျော်ကျော်ကပြောပါတယ်။

"အာဏာရှင်စစ်အုပ်စုအနေနဲ့ ကျနော်တို့ရဲ့နိုင်ငံခေါင်းဆောင်၊ ကမ္ဘာ့ခေါင်းဆောင်ကြီးကို ကျနော်တို့မြန်မာပြည်သူတွေရဲ့စိတ်ထဲမှာ ဦးသန့်ပုံရိပ်တွေကို အားလုံးပြည်ဖုံးကားချဖြစ်အောင်လုပ်ဆောင်နေတာကို ကျနော်တို့အနေနဲ့ ဦးသန့်ရဲ့ဂုဏ်ပုဒ်ကို ကျနော်တို့ဖော်ကျူးခြင်းဖြစ်ပါတယ်"

အခမ်းအနားမှာ ဦးသန့်အတ္ထုပ္ပတ္တိဖတ်ကြားခြင်း၊ ဂုဏ်ပြုကဗျာရွတ်ဆိုခြင်းနဲ့ ဦးသန့်တမ်းချင်း ဂုဏ်ပြုရွတ်ဆိုခြင်းတို့ပါဝင်ပါတယ်။ ဦးသန့် ကိုယ်ရေးအကျဉ်း ရောဝတီတိုင်း ပန်းတနော်မြို့၌ အဖ ဦးဖိုးနှစ် အမိ ဒေါ်နန်းသောင်တို့က မွေးဖွားမွေးချင်း၊ ညီအကို ၄ ဦးအနက် အကြီးဆုံး၊ ကုလသမဂ္ဂ၌တာဝန်ထမ်းဆောင်ပြီးနောက် ၁၉၇၄ နိုဝင်ဘာ ၂၅ ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ကွယ်လွန်ခဲ့ပါတယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် ၁၉၆၁ မှ ၁၉၇၁ ခုနှစ်ထိ သက်တမ်း ၂ ကြိမ် ဆက်တိုက်တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ဦးသန့် နှစ်တရာပြည့်အထိမ်းအမှတ်တံဆိပ်ခေါင်းများကို ကုလသမဂ္ဂက ဖေဖော်ဝါရီ ၆ ရက်တွင်ထုတ်ဝေမယ်လို့ သိရပါတယ်။

---

## မျက်နှာဖုံးမှ

သို့သော်လည်း ကျနော်တို့က အစိုးရဖွဲ့တယ်ဆိုတဲ့အပေါ်မှာက ချမှတ်ထားတဲ့မူတွေကို အဓိကဖော်ဆောင်ဖို့ဖြစ်ပါတယ်။

လူတွေ အတော်များများက ဝေဖန်နေတာအချက်တချက်ရှိပါတယ်၊ စစ်အစိုးရဘက်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့လိုမျိုးခေါင်းဆောင်တွေမပြောင်း လဲပဲနှစ်ရှည်လများအုပ်ချုပ်နေသလိုပဲ ပြည်ပမှာရှိတဲ့ အဲန်စီဂျီယူဘီအစိုးရအဖွဲ့မှာလည်း ဒေါက်တာစိန်ဝင်းကချည်းပဲ တောက်လျှောက်အာဏာရယူထားတယ်ဆိုတဲ့ နှိုင်းယှဉ်ပြောဆိုဝေဖန်တဲ့အချက်တွေရှိပါတယ်၊ အခုလည်း ဝန်ကြီးချုပ် ဦးစိန်ဝင်းကပဲ အနိုင်ရသွားတယ်ဆိုတော့ ဒီလိုမပြောင်းလဲတဲ့ကိစ္စအပေါ် ဘယ်လိုတုံ့ပြန်ချင်ပါသလဲခင်ဗျ။

အဓိက ကတော့ ကျနော်တို့ရွေးချယ်တင်မြှောက်ပုံစနစ်က နအဖနဲ့ ကျနော်တို့အစိုးရကွာခြားချက်ဖြစ်ပါတယ်။ နအဖမှာ တာဝန်ယူထားတဲ့ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ တကြိမ်တခါမှ ရွေးကောက်တင်မြှောက်ခံတယ်ဆိုတဲ့ဟာမျိုးနဲ့ ရွေးကောက်ပွဲနဲ့ပြန်လုပ်တာမဟုတ်ပါဘူး၊ သူ့ရဲ့အာဏာကိုအသုံးပြုပြီးတော့မှ တောက်လျှောက်အုပ်ချုပ်တာဖြစ်ပါတယ်။ ဒီမှာ ကျနော်တို့ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းကို လွှတ်တော်ကိုယ်စားလှယ်အကုန်လုံးကနေပြီး လျှို့ဝှက်မဲနဲ့ရွေးချယ်တာပါ။

အခုကျင်းပတဲ့ညီလာခံမှာ ကုလသမဂ္ဂကနေပြီး မြန်မာစစ်အစိုးရကို ဖယ်ရှားရေးကိစ္စကိုရော ဆွေးနွေးခဲ့ကြတာရှိပါသလား။

ဒါကို ကျနော်တို့ အခြေအတင်ဆွေးနွေးခဲ့ကြပါတယ်။ နအဖကို ကုလသမဂ္ဂမှာ ဖယ်ရှားရေးဆိုတဲ့ Credential Challenges နဲ့ပတ်သက်ပြီး အကြိတ်အနယ်ဆွေးနွေးခဲ့ကြပါတယ်။ အခြေအတင်ရှိလာတဲ့ဆွေးနွေးချက်တွေ ကိုဒီမိုကရေစီနည်းကျကျဆုံးဖြတ်ခဲ့ပါတယ်။ ဆက်ပြီးမဆောင်ရွက်ဘူးဆိုတဲ့ အဆိုဘက်က အနိုင်ရပါတယ်။

ဆိုတော့ ၂၀၁၀ မှာ နအဖစစ်အုပ်စုကလည်း ရွေးကောက်ပွဲထပ်ကျင်းပဖို့ပြင်ဆင်ထားပါပြီ၊ အခု ကိုမြင့်ထွန်းတို့ပါဝင်တဲ့ အစိုးရသစ်အဖွဲ့က ဒီ နအဖစစ်အုပ်စုရဲ့ ရွေးကောက်ပွဲအပါအဝင် နောက်ပိုင်းလုပ်ဆောင်ရမယ့် ခြေလှမ်းတွေအပေါ်မှာ ဘယ်လိုမျိုး ထူးခြားတဲ့ တုံ့ပြန်ချက်တွေ လုပ်သွားဖို့ အစီအစဉ်တွေရှိနေပါပြီလဲခင်ဗျ…

"အခုမှာ ကျနော်တို့ ကြေညာချက်ထုတ်ပြန်ဖို့ရှိပါတယ်၊ အထူးအားဖြင့်တော့ ဒီကြေညာချက်မှာ ကျနော်တို့ဘာကိုဖော်ပြထားသလဲဆိုရင် ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲရလဒ်ကိုအကောင်အထည်မဖော်ဘဲနဲ့ ၂၀၁၀ ရွေးကောက်ပွဲကိုကျင်းပတာဟာ ဒါဟာ လူ့အခွင့်အရေးကြေညာစာတမ်းရဲ့ အပိုဒ် ၂၁၊ ပုဒ်မ ၃ ကို ချိုးဖောက်ရာရောက်တယ်ဆိုတာကို ကျနော်တို့ တိတိလင်းလင်းဖော်ပြပါတယ်။ နအဖကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်တဲ့ သူတွေဟာလည်း သူတို့လည်း ဒါ လူ့အခွင့်အရေးကို ချိုးဖောက်ရာကျပါတယ်၊ ဒီအချက်ကို ကျနော်တို့ အဓိကထားပြီးတော့ နိုင်ငံတကာမှာရှိတဲ့ အစိုးရတွေ၊ နိုင်ငံတကာမှာရှိတဲ့ လွှတ်တော်တွေအားလုံးကို ကျနော်တို့ ပန်ကြားမှာဖြစ်ပါတယ်။"

"ကျနော်တို့ တွေ့ဆုံဆွေးနွေးရေးဆိုတဲ့ တံခါးကို အမြဲတမ်းဖွင့်ထားပါတယ်၊ ဒါပေမယ်လို့ အခုနအဖက တွေ့ဆုံဆွေးနွေးရေးဆိုတဲ့ ကမ်းလှမ်းချက်အပေါ်မှာ၊ ဖိတ်ခေါ်ချက်အပေါ်မှာ၊ နိုင်ငံတကာကနေပြီးတော့ တွန်းအားပေးတဲ့အပေါ်မှာ လုံးဝဂရုမစိုက်ပါဘူး၊ ထိုနည်းတူပဲ နအဖက ဥပဒေပေါင်းများစွာကို ချိုးဖောက်ခဲ့တယ်၊ ပြည်တွင်းဥပဒေတွေကိုရော နိုင်ငံတကာဥပဒေတွေကိုပါ ချိုးဖောက်ခဲ့တာရှိတယ်၊ ညီလာခံမှာထူးခြားချက်တခုကတော့ ကျနော်တို့ဟာ တွေ့ဆုံဆွေးနွေးရေးနဲ့ နအဖကို အပြည်ပြည်ဆိုင်ရာခုံရုံးတွေမှာတရားစွဲဆိုရေးကို မရောထွေးပဲနဲ့ သီးသန့်ဆောင်ရွက်မှာဖြစ်ပါတယ်။ တွေ့ဆုံဆွေးနွေးရေးတံခါးကို ကျနော်တို့ဖွင့်ထားသလိုပဲ နအဖကျူးလွန်ခဲ့တဲ့ရာဇဝတ်မှုတွေအတွက် အပြည်ပြည်ဆိုင်ရာခုံရုံးတွေမှာ တရားစွဲဆိုသွားတဲ့ကိစ္စရပ်တွေကို ဆောင်ရွက်နေတဲ့သူတွေကို ကျနော်တို့က အစိုးရတရပ်အနေနဲ့ ဆက်လက်ကူညီပံ့ပိုးဆောင်ရွက်သွားပေးမှာဖြစ်ပါတယ်။"

အိုင်ယာလန်နိုင်ငံ ဒပ်ဗလင်မြို့တော်မှာ လေးရက်ကြာ ကျင်းပခဲ့တဲ့ ပြည်ပရောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ညီလာခံမှာ လွှတ်တော်ကိုယ်စားလှယ် ၃၄ ဦးတက်ရောက်ခဲ့ကြပြီး ဒီညီလာခံဖြစ်မြောက်ရေးကို အိုင်ယာလန်အစိုးရက ထောက်ပံ့ကူညီပေးခဲ့တာဖြစ်ပါတယ်။

# တရုတ်–မြန်မာလူ့အခွင့်အရေးပြဿနာ

**ဦးအောင်ခင်**
မျက်မှောက်ရေးရာသုံးသပ်ချက်

တိုင်းသူပြည်သားကို လူ့အခွင့်အရေးမပေးဘဲ ဖိနှိပ်ချုပ်ချယ်တဲ့ မြောက်ကိုရီးယားအစိုးရကို ဝေဖန်ရှုတ်ချတဲ့ဆုံးဖြတ်ချက်တရပ် လွန်ခဲ့တဲ့လက ကုလသမဂ္ဂအထွေထွေညီလာခံမှာ ချမှတ်တယ်။ ဒါပေမဲ့ ကုလသမဂ္ဂအဖွဲ့ဝင်အားလုံးက ထောက်ခံတာမဟုတ်ဘူး။ ထောက်ခံသူ ၉၄ ဦး၊ ကန့်ကွက်သူ ၂၂ ဦးနဲ့ မဲမပေးဘဲ ကြားနေသူ ၆၃ ဦးရှိပါတယ်။ ကန့်ကွက်သူတွေထဲမှာ အာဏာရှင်နိုင်ငံတွေဖြစ်တဲ့ တရုတ်၊ ရုရှား၊ မြန်မာ၊ အီရန်၊ စီးရီးယား စတာတွေပါဝင်တယ်။ မဲမပေးဘဲ ရှောင်နေတဲ့နိုင်ငံတွေထဲမှာတော့ အာစီယံအဖွဲ့ဝင်တွေဖြစ်တဲ့ စင်္ကာပူနဲ့ ထိုင်းကိုယ်စားလှယ်တွေပါတယ်။ ဇာတိပြကြတာပဲ။

အမေရိကန်အစိုးရသတ်မှတ်တဲ့ လူ့အခွင့်အရေးအချိုးဖောက်ဆုံး ၁၀ နိုင်ငံစာရင်းမှာ ကန့်ကွက်တဲ့နိုင်ငံတွေအားလုံး ပါဝင်ပါတယ်။ လူ့အခွင့်အရေးချိုးဖောက်တဲ့အစိုးရအချင်းချင်း ကာကွယ်ကြတာပါပဲ။ လူ့အခွင့်အရေးချိုးဖောက်တဲ့နေရာမှာ မြောက်ကိုရီးယားက ပထမ၊ မြန်မာက ဒုတိယ၊ အီရန်က တတိယလိုက်နေတယ်။ အမေရိကန်သတ်မှတ်တဲ့ လူ့အခွင့်အရေးအချိုးဖောက်ဆုံး ၁၀ နိုင်ငံစာရင်းမှာ တရုတ်ပါဝင်ခဲ့ပေမယ့် လွန်ခဲ့တဲ့နှစ်ကစပြီး တရုတ်မပါတော့ဘူး။ တရုတ်အစိုးရဟာ လူ့အခွင့်အရေးချိုးဖောက်ပေမယ့် လူ့အခွင့်အရေးအကြောင်း အများဆုံးပြောပြီး ထင်ယောင်ထင်မှားဖြစ်ကုန်အောင်လုပ်ရာမှာ ကျွမ်းကျင် တယ်။ ဗမာစစ်အစိုးရကလည်း ဒီမိုကရေစီတည်ဆောက်ဖို့ ကြွေးကြော်ပြီး ဒီမိုကရေစီတောင်းဆိုတဲ့အရပ်သားတွေကို နှစ်ရှည်ထောင်ဒဏ်ချမှတ်နေတယ်။

လွန်ခဲ့တဲ့ဒီဇင်ဘာလ ၁၀ ရက်နေ့ဟာ ကုလသမဂ္ဂလူ့အခွင့်အရေးကြေညာစာတမ်းထုတ်ပြန်တဲ့ အနှစ် ၆၀ မြောက်အခါသမယဖြစ်တာမို့ လူ့အခွင့်အရေးကိုရိုသေလေးစားပြီး ထိန်းသိမ်းပါ့မယ်လို့ အခြေခံဥပဒေမှာပြင်ဆင်ထား တဲ့ တရုတ်ကွန်မြူနစ်ဟာ အမှတ်တရဂုဏ်ပြုရမယ့်အခြေအနေ ရောက်လာ တယ်။ အဲဒီတော့ လူ့အခွင့်အရေးလေ့လာရေးတရုတ်အသင်းက အထိမ်းအမှတ် အဖြစ် ဆွေးနွေးပွဲကျင်းပတယ်။ တရုတ်သမတ ဟူကျင်တောင်က အဲဒီလူ့အခွင့်အရေးဆွေးနွေးပွဲကို သဝဏ်လွှာပေးပို့ပြီး အကြိမ် ၆၀ မြောက် ကုလသမဂ္ဂလူ့အခွင့်အရေးနေ့ကို ဂုဏ်ပြုလိုက်တယ်။

ထူးခြားတာကတော့ တရုတ်သမတရဲ့သဝဏ်လွှာမှာ ကုလသမဂ္ဂလူ့အခွင့်အရေးကြေညာစာတမ်းပါစာပိုဒ်တွေကို လုံးဝရည်ညွှန်းထားခြင်းမရှိတာပါဘဲ။ ကမ္ဘာ့လူ့အခွင့်အရေးသဘောကိုအသိအမှတ်ပြုပြီး တရုတ်ပြည်အခြေအနေအရ လူ့အခွင့်အရေးတိုးတက်လာအောင်လုပ်ရမယ်လို့သာ တရုတ်သမတသဝဏ်လွှာမှာ ဖော်ပြထားတယ်။ တရုတ်လူ့အခွင့်အရေးအသင်းဟာ အစိုးရကိုသံယောင်လိုက်နေရတဲ့အတွက် အနောက်တိုင်းလူ့အခွင့်အရေးအဖွဲ့တွေရဲ့အစီရင်ခံစာကို လက်ခံလေ့မရှိဘူး။

မြန်မာပြည်မှာတော့ Australia နဲ့ဗမာစစ်အစိုးရ ပူးတွဲပြုလုပ်တဲ့ လူ့အခွင့်အရေးသင်တန်း ၁၂ ခု၊ ၂၀၀၀ ခုနှစ်က ၂၀၀၃ ခုနှစ်အထိ ၂ နှစ်ကျော်လုပ်ပေးနိုင်ခဲ့တယ်။ သင်တန်းတခုမှာ အစိုးရအမှုထမ်း အရပ်သား ၂၅ ဦးလောက်တက်တာမို့ စုစုပေါင်း အရပ်သားအမှုထမ်း ၃၀၀ နီးပါးကို လူ့အခွင့်အရေးအကြောင်းပြောပြနိုင်ခဲ့တယ်လို့ ဆိုရမယ်။ ဒီအထဲမှာ လူ့အခွင့်အရေးအချိုးဖောက်ဆုံးဖြစ်တဲ့ အစိုးရတပ်က စစ်မှုထမ်းမပါဘူး။ သင်တန်းတခု ၄ ရက်ကြာပြီး ရန်ကုန်မှာလုပ်တာများပေမယ့် မန္တလေးမှာ ၂ ကြိမ်၊ တောင်ကြီးမှာ တကြိမ် သင်တန်းပေးတယ်။

ဒီအချိန်မှာ ဗမာစစ်အစိုးရက လူ့အခွင့်အရေးကော်မတီတခု ဖွဲ့ပြလိုက်သေးတယ်။ မဆလခေတ်မှာ ကော်မတီဖွဲ့ပြီး စီးပွါးရှာခဲ့တော့ ဒါမျိုးဆိုရင် အပျော့ပေါ့။ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် ပီညဲရိုး မြန်မာပြည်သွားတိုင်း စစ်အစိုးရရဲ့လူ့အခွင့်အရေးကော်မတီဝင်တွေနဲ့ တွေ့ရတာ လည်း အမောပဲ။ တရားသူကြီးအပါအဝင် မြန်မာအမှုထမ်းအချို့ကို Australia နိုင်ငံမှာ ၂၀၀၂ ခုနှစ်က လူ့အခွင့်အရေးသင်တန်းတက်ဘို့ Australia အစိုးရ ကစီစဉ်ပေးတော့ ရောက်ဘူးတာပေါ့။

အာရှပစိဖိတ် လူ့အခွင့်အရေးဆွေးနွေးပွဲကို ဗမာစစ်အစိုးရကိုယ်စားလှယ် လေ့လာနိုင်ဘို့လည်း Australia အစိုးရကကူညီတယ်။ ဒါပေမဲ့ ၂၀၀၃ မေလ ၃၀ ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ကို စစ်အစိုးရလက်အောက်ခံ ကြံ့ဖွံ့တွေက ဒီပဲရင်းမှာဝိုင်းရိုက်ကြတဲ့အတွက် Australia အစိုးရရဲ့လူ့အခွင့်အရေးစီမံကိန်းလည်း ရပ်ဆိုင်းသွားပါတော့တယ်။ အဲဒီနောက်ပိုင်း လူ့အခွင့်အရေးအစီအစဉ်ကိုကမကထလုပ်ပေးတဲ့ ဗိုလ်ချုပ်ခင်ညွှန့် အဖြုတ်ခံလိုက်ရတဲ့အတွက် Australia အစိုးရလည်း ဘာမှဆက်လုပ်လို့မရတော့ဘူး။ ဒါပေမဲ့ ဗမာ့လူ့အခွင့်အရေးကော်မတီကတော့ ၂၀၀၅ ခုနှစ်အထိရှိနေသေးတယ်လို့ မြန်မာပြည်ဆိုင်ရာ Australia သံအမတ်ဟောင်း Trevor Wilson ကပြောတယ်။

၂၀၀၇ ခုနှစ်က ဟသ်ာတမြို့နယ်မှာ လူ့အခွင့်အရေးသင်တန်းပို့ချဘို့ ကြိုးစားသူ ၂ ဦးဟာ စစ်အစိုးရလက်အောက်ခံကြံ့ဖွံ့တွေ ဝိုင်းရိုက်တာခံရ ပြီး ဆေးရုံရောက်သွားတယ်။ ဒါပေမဲ့ သူတို့ ၂ ဦးစလုံး ထောင် ၈ နှစ်စီကျသွား ပြီး သူတို့ကိုကူညီတဲ့ရွာသား ၅ ဦးက ထောင် ၄ နှစ်စီကျသွားလို့ လူ့အခွင့်အရေးသင်တန်းလည်း နိဂုံးကမ္ပတ် အဆုံးသတ်သွားတယ်။

ဒါပေမဲ့ စစ်အစိုးရ လူ့အခွင့်အရေးစကားပြောဦးမယ်ဆိုရင်တော့ တရုတ်ကွန်မြူနစ်ရဲ့လုပ်ပုံကိုင်ပုံကို အတုခိုးဘို့အလားအလာရှိတယ်။ ဆရာကြီးမဟုတ်ပါလား။ တရုတ်ပြည်မှာ လူ့အခွင့်အရေးပြဿနာရှိပေမယ့် ကြိုးစားဖြေရှင်းနေတာမို့ တဖြည်းဖြည်း တိုးတက်ကောင်းမွန်လာမယ်လို့ တရုတ်လူ့အခွင့်အရေးအသင်းကဆိုတယ်။ တရုတ်ကွန်မြူနစ်ပါတီဟာ သူတို့သတ်မှတ်တဲ့လူ့အခွင့်အရေးကိုသာ အသိအမှတ်ပြုတယ်။

လွန်ခဲ့တဲ့ဒီဇင်ဘာလက တရုတ်ပညာရှင်နဲ့ လူ့အခွင့်အရေးလိုလားသူ ၃၀၀ ကျော်က လက်မှတ်ထိုးပြီး "ချာတာ – ၂၀၀၈" လို့ခေါ်တဲ့ ကြေညာစာတမ်းကိုထုတ်ပြန်တယ်။ လွတ်လပ်မှု၊ တာဝန်သိမှု၊ လူမှုဖူလုံရေး၊ တရားမျှတမှု စတာတွေကို တောင်းဆိုတဲ့စာတမ်းပါ။ စာတမ်းလက်မှတ်ထိုးသူတွေကို ခေါ်ယူဆွေးနွေးတာမျိုးမလုပ်ဘဲ ခေါင်းဆောင်လို့ယူဆရသူ ၂ ဦးကို ဖမ်းဆီးထိန်းသိမ်းလိုက်တယ်။ ဒါပေမဲ့ "ချာတာ – ၂၀၀၈" စာတမ်းကို လက်မှတ်ထိုးသူဦးရေ များပြားနေတာကိုကြည့်ရင် လူ့အခွင့်အရေးကိုတန်ဖိုးထားသူတွေ တိုးပွါးနေတာ ထင်ရှားနေတယ်။ တရုတ်ရဲ့ တပါတီအာဏာရှင်စနစ်ဟာ အခွင့်ထူးခံတွေရဲ့စည်းစိမ်ချမ်းသာကို ကာကွယ်နိုင်မှာမဟုတ်တာကို သဘောပေါက်လို့ သူတို့သားသမီးတွေကို အနောက်တိုင်းလွှတ်ပြီး ခြေကုပ်ယူခိုင်းနေတာဖြစ်တယ်။

တရုတ်ပြည်မှာ ဆင်းရဲသားနဲ့ လူချမ်းသာအကြား ကွာဟမှုကြီးမားနေတာကို တရုတ်အစိုးရ ဘာမှမတတ်နိုင်ပါဘူး။ တရုတ်လူဦးရေ သန်း ၁၃၀၀ မှာ လူချမ်းသာက ငါးသန်းကျော်သာရှိပါတယ်။ တနေ့မှာ တဒေါ်လာတောင် မရသူက သန်းသုံးရာကျော်ရှိတယ်တဲ့။ လာမယ့်ဂျန်နဝါရီလ ၂၆ ရက် တရုတ်နှစ်သစ်ကူးနေ့ပြီးရင် မြို့တက်လာမယ့်တရုတ်လယ်သမားတွေ အလုပ်မရရင် ပြဿနာဖြစ်နိုင်တယ်လို့ တရုတ်လူ့အခွင့်အရေးခေါင်းဆောင်တဦးဖြစ်တဲ့ ဝေ့ဂျင်ရှင်း (Wei Jingsheng) ကသုံးသပ်တယ်။ အလုပ်လက်မဲ့များလာရင် တရုတ်လူ့အခွင့်အရေးကိုလည်း ဘယ်သူကမှယုံကြည်မှာမဟုတ်ဘူး။

# မစ္စဟီလာရီကလင်တန်ရဲ့ နိုင်ငံခြားရေးပေါ်လစီ နအဖစစ်အုပ်စုနဲ့အလုပ်ဖြစ်မဖြစ်

**VOA ၊ ဇန်နဝါရီ ၂၂ ။** ။ မစ္စဟီလာရီကလင်တန်အား အိုဘားမားအစိုးရရဲ့ နိုင်ငံခြားရေးဝန်ကြီးအဖြစ် အမေရိကန်အထက်လွှတ်တော်က အတည်ပြုလိုက်ပြီဖြစ်ပါတယ်။

နိုင်ငံခြားရေးဝန်ကြီးရာထူးသည် အိုဘားမားအစိုးရရဲ့ အရေးပါတဲ့ ရာထူးဖြစ်ပါတယ်။ ဒါကြောင့် မစ္စဟီလာရီကလင်တန်အား နိုင်ငံခြားရေးဝန်ကြီးခန့်ခြင်းသည် ခင်ပွန်းဖြစ်သူ သမ္မတဟောင်း ကလင်တန်လုပ်ကိုင်နေတဲ့ ဖောင်ဒေးရှင်းအတွက် အလှူငွေထည့်နေတဲ့ နိုင်ငံခြားအစိုးရများကို ဆက်ဆံရာမှာ အကျိုးစီးပွားပဋိပက္ခဖြစ်နိုင်တယ်လို့ လွှတ်တော်မှာအငြင်းပွားပြီးနောက် အခုလို အတည်ပြုခန့်အပ်ခဲ့ခြင်းဖြစ်ပါတယ်။

အိုဘားမားအစိုးရရဲ့နိုင်ငံခြားရေးပေါ်လစီကို သံတမန်နည်း၊ စစ်ရေး နည်း ၂ မျိုးစလုံးကို အလျဉ်းသင့်သလိုသုံးမည့် Smart Power ပေါ်လစီသုံး ခြင်းဖြင့် အမေရိကန်ရဲ့ ဦးဆောင်မှုကို ပြန်ထိန်းနိုင်မယ်လို့ယုံကြည်ကြောင်း မစ္စ ဟီလာရီက သန္နိဋ္ဌာန်ချထားပုံရပါတယ်။

၂၀၀၃ ခုနှစ် အီရတ်ကို အမေရိကန်သိမ်းပိုက်ပြီးနောက်ပိုင်းမှာ သံတမန်နည်း၊ စစ်ရေးနည်း ၂ မျိုးလုံး အလျဉ်းသင့်သလို သုံးတဲ့ Smart Power ဆိုတဲ့ စကားကို နိုင်ငံတကာ ဆက်ဆံရေးမှာ ထွင်သုံးလာကြပါတယ်။ အစိုးရတရပ်က ယဉ်ကျေးမှုနည်း၊ အတွေးအခေါ်နည်းများနဲ့ သွယ်ဝိုက်ပြီး ဩဇာသက်ရောက်ရန် ကြိုးပမ်းမှုများကို Soft Power လို့သုံးပြီး၊ စစ်ရေးနည်း စီးပွားရေးနည်းတို့နဲ့ ဩဇာသက်ရောက်ရန် ကြိုးပမ်းမှုများကို Hard Power လို့ သုံးလေ့ရှိပါတယ်။

ဟားဗတ်တက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေး ပါမောက္ခ Dr.Joseph Nye ကတော့ Smart Power ဆိုသည်မှာ Soft Power နဲ့ Hard Power ၂ မျိုး ပေါင်းစပ်ထားတဲ့ အောင်မြင်နိုင်ရေးနည်းဗျူဟာ အရည်အသွေးဖြစ်တယ်လို့ အဓိပ္ပါယ်ဖွင့်ဆိုထားပါတယ်။ သမတဟောင်း ဘွတ်ရှ်ရဲ့ ၂၀၀၅ ခုနှစ် ဒုတိယ သက်တမ်း ကျမ်းသစ္စာကျိမ်ဆိုပွဲမှာ ရက်စက်ကြမ်းကြုပ်တဲ့ ဖိနှိပ်ညှဉ်းပမ်းအုပ်ချုပ်မှုဆိုတဲ့ စကားကို ၅ ကြိမ်ပြောဆိုသုံးနှုန်းခဲ့ပါတယ်။

အဲဒီအချိန်က ဟီလာရီလို နိုင်ငံခြားရေးဝန်ကြီးရာထူး လက်ခံထားသူ Condoleeza Rice ကလည်း မြန်မာ မြောက်ကိုရီးယား ဇင်ဘာဘွေ၊ ဘယ်လာရုစ်၊ ကျူးဘားနဲ့ အီရန် ၆ နိုင်ငံကို ရက်စက်ကြမ်းကြုပ်စွာဖိနှိပ်အုပ်ချုပ်မှု စိုးမိုးရာဒေသများ Outposts of Tyranny လို့ သုံးနှုန်းခဲ့ပါတယ်။ သဘောက အဆိုပါ ၆ နိုင်ငံသည် အမေရိကန်အစိုးရစောင့်ကြည့်ရမယ့် နိုင်ငံများဖြစ်ပြီး အဲဒီ ၆ နိုင်ငံမှ ပြည်သူများ လွတ်မြောက်ရေးအတွက် အမေရိကန်အစိုးရမှာ တာဝန်ရှိသည်ဆိုတဲ့ အဓိပ္ပါယ်ဖြစ်ကြောင်း လန်ဒန် Independent သတင်းစာ ဆောင်းပါးရှင် Rupert Cornwell ကထောက်ပြခဲ့ပါတယ်။ အဲဒီအချိန်က Condoleeza Rice ပြောဆိုတဲ့စကားကို အမေရိကန်နိုင်ငံခြားရေးပေါ်လစီအဖြစ် ကမ္ဘာကလည်း မှတ်ယူခဲ့ကြပါတယ်။

အစောပိုင်းကမူ အီရန်၊ အီရတ်နဲ့ မြောက်ကိုရီယား ၃ နိုင်ငံကို မိစ္ဆာအုပ်စုဝင်နိုင်ငံများ Axis of Evil ဆိုပြီး အမေရိကန်သမတဘုရှ်က ကင်ပွန်းတပ်ခဲ့ပါတယ်။ သို့သော် အီရတ်ကို အမေရိကန်က ဝင်တိုက်ပြီးနောက်ပိုင်း မိစ္ဆာအုပ်စုဝင် နိုင်ငံများစာရင်းမှ အီရတ်ကို အီရတ်ကို ပယ်ဖျက်ခဲ့ပါတယ်။

အိုဘားမားရဲ့ သမတနန်းတက်ပွဲမိန့်ခွန်းမှာတော့ သမတဟောင်း ဘုရှ် ဒုတိယနန်းတက်ပွဲ မိန့်ခွန်းလို အာဏာရှင်နိုင်ငံများအပေါ် တိတိကျကျကြိမ်းဝါးမှုမရှိတဲ့အတွက် ဟီလာရီရဲ့ Smart Power နိုင်ငံခြားရေးပေါ်လစီသည် နအဖစစ်အုပ်စုနဲ့ ဆက်ဆံရာမှာ ထိထိရောက်ရောက် ရှိပါမလားဆိုတာကိုတော့ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

# နာဂစ်ဒေသ တောင်သူများအခက်ကြုံဆဲ

**DVB ၊ ဇန်နဝါရီ ၂၂ ။** ။ သီးနှံဈေးတွေကလဲမကောင်း၊ ဝယ်သူလည်းမရှိဖြစ်နေလို့ လာမယ့်ရာသီမှာ သီးနှံပြန်စိုက်ဖို့ တောင်သူတွေအခက်တွေ့နေကြလို့ ပဲခူးတိုင်း အနောက်ပိုင်း သာယာဝတီ ဒေသခံတွေက ပြောပါတယ်။

ဒေသခံလုပ်ငန်းရှင်တွေ၊ ဆန်စက်ပိုင်ရှင်တွေနဲ့ ငွေအင်အားရှိသူတွေ ပေါင်းပြီး ကုမ္ပဏီဖွဲ့ပြီးတော့ တောင်သူတွေကို အတိုး ၂ ကျပ်နှုန်းနဲ့ တကေ ကျပ် ၅ သောင်းနှုန်းထုတ်ချေးဖို့ စီစဉ်လုပ်ဆောင်နေကြပေမယ့် အခက်အခဲတွေ ရှိနေတယ်လို့ သာယာဝတီဒေသခံတဦးက ပြောပါတယ်။ သီးနှံပေါ်ချိန်မှာ တောင်သူတွေဆီက ပေါက်ဈေးအတိုင်း ပြန်လည်သိမ်းဆည်းဝယ်ယူဖို့ အခက်အခဲရှိတာကြောင့် အကောင်အထည်ဖော်ဖို့ခက်နေတာလို့ သာယာဝတီနယ်က ဆန် စက်လုပ်ငန်းရှင်တဦးက ပြောပါတယ်။

သီးနှံဈေးတွေကျ ဝယ်လိုအားမရှိဖြစ်ရတာက ပြည်ပဝယ်လိုအား မရှိတာနဲ့ ပြည်တွင်း ကုန်သည်တွေ အရင်းအနှီးရှားနေတာကြောင့်လို့ အဲဒီလုပ်ငန်းရှင်က ပြောပါတယ်၊ မုန်တိုင်း ဘေးသင့်ခဲ့တဲ့ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှာ ဒဘလျူအက်ဖ်ပီ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က တခြား ကုလသမဂ္ဂအဖွဲ့တွေနဲ့ပူးပေါင်းပြီး အရင်းအနှီးနဲ့ရိက္ခာထောက်ပံ့ရေး ဆောင်ရွက်နေတယ်လို့ဒဘလျူအက်ဖ်ပီက ထုတ်ပြန်ကြေညာပါတယ်။ လမ်းဖောက်ပြင်ဆင်၊ သစ်ပင်စိုက်စတဲ့ လုပ်ငန်းတွေမှာ ဒေသခံကျေးရွာသားတွေ ပါဝင်လုပ်ကိုင်စေပြီး အလုပ်လုပ်တဲ့ သူတွေကို ငွေနဲ့ရိက္ခာပေးတယ်၊ တနေ့ ကျပ် ၂,၀၀၀ နှုန်း ပေးမယ်လို့ အဲဒီ ထုတ်ပြန်ချက်မှာ ဖော်ပြပါတယ်။

နိုင်ငံတကာအကူအညီတွေ ဒေသခံပြည်သူတွေဆီရောက်ရေးလုပ်ဆောင်နေတာမှုဟုတ်ရဲ့လားလို့သံသယရှိကြောင်း ဧရာဝတီတိုင်း မော်လမြိုင်ကျွန်း မြို့ခံတဦးက ပြောပါတယ်။

"နာဂစ်ဒုက္ခသည်ကို ကူတာလား၊ ဒါမှမဟုတ် နာဂစ်ဒုက္ခသည်ကို အကြောင်းပြုပြီးတော့ အဲဒီမှာ ဝန်ထမ်းခန့်ထားရေးကို လုပ်နေတာလား၊ လစာပေးဖို့။"

အဲဒီဒေသမှာ လယ်သမားတွေရော ရေလုပ်သားတွေပါ လုပ်ငန်းမကောင်းတဲ့အပြင် ချဲထီစတဲ့ လောင်းကစားဒဏ်ကြောင့် ဒုက္ခရောက်သူတွေများလာတယ်လို့ အဲဒီဒေသခံက ပြောပါတယ်။

# ဦးခေမာစာရကို ထောင်ဒဏ် ၁၄ နှစ်ချမှတ်

**DVB ၊ ဇန်နဝါရီ ၂၀ ။** ။ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကံသာကျောင်းက ဓမ္မာစရိယသံဃာ့ရက္ခိတလင်္ကာရဘွဲ့ရ သံဃာတော်ဦးခေမာစာရကို မရမ်းကုန်းမြို့နယ်တရားရုံးက ထောင်ဒဏ် ၁၄ နှစ်ချမှတ်လိုက်တယ်လို့ နိုင်ငံရေးအကျဉ်းသား မိသားစုဝင်တဦးကပြောပါတယ်။

ဦးခေမာစာရကို ပစ္စည်းခိုးမှု၊ မှတ်ပုံတင်အတုလုပ်မှုတို့နဲ့ အာဏာပိုင်တွေကတရားစွဲပြီး တမှုစီအတွက် ထောင်ဒဏ် ၇ နှစ်စီအမိန့်ချမှတ်လိုက်တာဖြစ်ပြီး စီရင်ချက်ချတာကတော့ မရမ်းကုန်းမြို့နယ်တရားသူကြီး ဒေါ်ခင်သန့်ဇင်လို့ပြောပါတယ်။ အရှင်ခေမာစာရဟာ ၂၀၀၇ စက်တင်ဘာရွှေဝါရောင်တော်လှန်ရေး သံဃာ့ဆန္ဒပြမှုမှာပါဝင်ခဲ့ပြီးနောက် ရှောင်တိမ်းပုန်းအောင်းနေရာက ရန်ကုန်ပြန်အရောက် ၂၀၀၇ ဒီဇင်ဘာ ၂၆ ရက်မှာ အာဏာပိုင်တွေကဖမ်းဆီးလိုက်တာလို့ဆိုပါတယ်။

အာဏာပိုင်တွေက ဦးခေမာစာရကိုဖမ်းဆီးခါစက လိမ်လည်မှု၊ သာသနာညှိုးနွမ်းစေမှု၊ ပစ္စည်းခိုးမှု၊ မှတ်ပုံတင်အတုလုပ်မှု စတဲ့ အမှု ၄ မှုနဲ့ တရားစွဲခဲ့ပါတယ်။ ဒီအမှုတွေနဲ့တရားစွဲတာဟာ အရှင်ခေမာစာရကို သိက္ခာချတဲ့ရည်ရွယ်ချက်ဖြစ်ပြီး ရဲဘက်စခန်းကိုပို့ပစ်မယ်လို့ သတင်းတွေထွက်နေတယ်လို့ လည်း နိုင်ငံရေးအကျဉ်းသား မိသားစုဝင်တဦးကပြောပါတယ်။

# အရှင်ဂမ္ဘီရ အစာငတ်ခံဆန္ဒပြ

**DVB ၊ ဂျန်နဝါရီ ၁၉ ။** ။ သံဃာ့တပ်ပေါင်းစုခေါင်းဆောင်ဖြစ်တဲ့ အရှင်ဂမ္ဘီရ မန္တလေးအိုးဘိုထောင်မှာ အစာငတ်ခံဆန္ဒပြနေတာ တပတ်နီးပါရှိပြီဖြစ်ပြီး ကျန်းမာရေးအခြေအနေစိုးရိမ်ရတယ်လို့ မိသားစုကပြောပါတယ်။

ဒီလ ၁၃ ရက် အင်္ဂါနေ့ကတည်းက စတင်အစာငတ်ခံဆန္ဒပြနေတာလို့ မန္တလေးမှမိတ်ဆွေတဦးကအသိပေးတယ်လို့ အရှင်ဂမ္ဘီရရဲ့အစ်မကပြော ပါတယ်။ "အခြေအနေသိပ်မကောင်းဘူးတဲ့၊ ရေတောင်မှမသောက်ဘူးပေါ့၊ ရေလည်းမချိုးဘူး ဘာကျွေးကျွေးမစားဘူးတဲ့၊ သတင်းကတော့ ၁၃ ရက်နေ့ကလို့ ပြောတာပဲ၊ အဲဒီအရင်က ဖြစ်ချင်ဖြစ်မှာပေ့ါ၊ အခု အိပ်ယာပေါ် ပက်လက်ဖြစ်နေပြီဆိုတော့ ဘာကိုတောင်းဆိုတယ်ဆိုတာ အတိအကျမသိသေးဘူး"

အရှင်ဂမ္ဘီရရဲ့မယ်တော် ဒီနေ့မှာ ထောင်ဝင်စာသွားတွေ့ဘို့ကြိုးစားမှာဖြစ်ပြီး တွေ့ခွင့်ရနိုင်မလားဆိုတာ မသေချာသေးဘူးလို့လည်းပြောပါတယ်။

"ဒီလိုပဲ ဆက်ပြီးတော့အစာငတ်ခံဆန္ဒပြနေဦးမယ်ဆိုရင် အကျိုးမဲ့အသက်ဆုံးရှုံးသွားတာတို့ ကျန်းမာရေးဆိုးဆိုးရွားရွားထိခိုက်သွားတာတို့ ဖြစ်မှာကို ပူတာပေ့ါ၊ စိတ်မကောင်းဖြစ်ရမှာပေ့ါ၊ ဒါပေမဲ့ မတတ်နိုင်ဘူး၊ သူက ခေါင်းဆောင်တယောက်ဆိုတော့ ပိုပြီးသိပါတယ် လုပ်သင့်လုပ်ထိုက်လို့ လုပ်တာပါ"

အစာမစားဘဲ အားပြတ်နေပြီဖြစ်တဲ့ အရှင်ဂမ္ဘီရရဲ့ကျန်းမာရေးအခြေအနေကို ထောင်ဆရာဝန်က မနက်ည ၂ ကြိမ် နေ့စဉ်ကြည့်စစ်ဆေးပေးနေတယ်လို့ နိုင်ငံရေးအကျဉ်းသားမိသားစုတွေဆီက ထပ်မံသိရှိရပါတယ်၊ အရှင်ဂမ္ဘီရကို မန္တလေးထောင်ကနေ ပိုပြီးဝေးလံတဲ့ထောင်ဆီကို ပြောင်းရွှေ့နိုင်တယ်လို့လည်း သတင်းတွေထွက်နေတယ်လို့ နိုင်ငံရေးအကျဉ်းသားမိသားစုတွေက ပြောပြပါတယ်။ အိုးဘိုထောင် ထောင်ပိုင်ကြီးရုံးခန်းကို ဆက်သွယ်မေးမြန်းရာမှာ ဖုန်းလက်ခံဖြေကြားသူက "ကျနော်တို့ပြောခွင့်မရှိပါဘူးဗျာ" လို့ ဖြေပါတယ်။

# အရှင်ဂမ္ဘီရကို ခန္တီးထောင်သို့ ပို့လိုက်ပြီ

**DVB ၊ ဂျန်နဝါရီ ၂၁ ။** ။ မန္တလေးအိုးဘိုထောင်မှာ အစာငတ်ခံဆန္ဒပြနေခဲ့တဲ့ သံဃာ့တပ်ပေါင်းစုခေါင်းဆောင် အရှင်ဂမ္ဘီရကို အာဏာပိုင်တွေက စစ်ကိုင်း တိုင်း ခန္တီးထောင်ကိုပို့လိုက်ပါတယ်။

အရှင်ဂမ္ဘီရဟာ ဒီလ ၁၃ ရက် အင်္ဂါနေ့ကတည်းက စတင်အစာငတ်ခံဆန္ဒပြနေတာလို့ မိတ်ဆွေတဦးကအသိပေးကြောင်း အရှင်ဂမ္ဘီရရဲ့အစ်မတော် မခင်သူဌေးကပြောပါတယ်။ အရှင်ဂမ္ဘီရကို ဒီလ ၁၇ ရက်မှာ ခန္တီးထောင်ကို ပြောင်းရွှေ့လိုက်တာလို့ ထောင်အာဏာပိုင်တွေက အရှင်ဂမ္ဘီရရဲ့မယ်တော် ဒေါ်ရေးကိုပြောလိုက်ပါတယ်။ ဒီနေ့မနက်ပိုင်းက အရှင်ဂမ္ဘီရကို ထောင်ဝင်စာသွားတွေ့ဘို့ တည်းခိုရာနေရာကနေ မိခင်ဖြစ်သူ ဒေါ်ရေး ထွက်ကတည်းက အရပ်ဝတ်ထောက်လှမ်းရေးအများအပြား လိုက်လံစောင့်ကြည့်ခဲ့ကြောင်းနဲ့ အစာငတ်ခံဆန္ဒပြထားပြီး ကျန်းမာရေးဆိုးရွားနေချိန်မှာ ဝေးလံလှတဲ့အကျဉ်းထောင်ဆီပြောင်းရွှေ့ပစ်လိုက်တာဟာ ရက်စက်တဲ့လုပ်ရပ်ဖြစ်ကြောင်း မခင်သူဌေးကပြောပါတယ်။

ထောင်ဝင်စာတွေ့ဘို့ အိုးဘိုထောင်ကိုရောက်သွားတဲ့ ဒေါ်ရေးကို ထောင်အာဏာပိုင်တွေက အရှင်ဂမ္ဘီရ ကျန်းမာရေးကောင်းတယ်လို့ပြောလိုက်တယ်လို့လည်း မခင်သူဌေးကပြောပါတယ်။

"ဦးဇင်းကို စနေနေ့ကတည်းက ခန္တီးထောင်ကိုပြောင်းလိုက်ပြီလို့ပြောတယ်တဲ့၊ ဘာကြောင့်ပြောင်းတယ်ဆိုတာတော့ မပြောဘူးတဲ့၊ ဆေးတွေဘာတွေစစ်ပြီး စိတ်ချရလို့ပြောင်းတာပါလို့ ပြောတယ်တဲ့"

၂၀၀၇ စက်တင်ဘာရွှေဝါရောင်တော်လှန်ရေး သံဃာ့လှုပ်ရှားမှုကို ဦးဆောင်ခဲ့သူတဦးဖြစ်တဲ့ အရှင်ဂမ္ဘီရကို အာဏာပိုင်တွေက ပြီးခဲ့တဲ့နိုဝင်ဘာမှာ ထောင်ဒဏ် ၆၈ နှစ်ချမှတ်ခဲ့ပါတယ်။

# ကြပ်ပြေးတွင် ဆိုင်ကယ်တိုက်မှုများပြား

**NEJ ၊ ဂျန်နဝါရီ ၁၉ ။** ။ နေပြည်တော်တွင် ယာဉ်စည်းကမ်းပညာပေးမှုနည်းပါးသည့်အတွက် မော်တော်ဆိုင်ကယ်ထိခိုက်မှုဖြင့် သေဆုံးသူ ပျမ်းမျှ တနေ့ ၈ ဦးနှုန်းရှိသည်ဟု နေပြည်တော်တရားရုံးသတင်းရပ်ကွက်ကပြောပါတယ်။

မော်တော်ဆိုင်ကယ်ထိခိုက်မှုကြောင့် နေပြည်တော်တွင် တနေ့ လူ ၈ ဦးနှုန်းသေနေသည်မှာ ယာဉ်စည်းကမ်းကိုနားမလည်ခြင်း၊ ယာဉ်ထိန်းကြီးကြပ်မှုနည်းပါးခြင်း၊ လိုင်စင်မဲ့ဆိုင်ကယ်များကို လိုင်စင်ချပေးရာ စီးသူများလာခြင်း၊ မော်တော်ဆိုင်ကယ်တက္ကစီမောင်းသူများကိုယ်တိုင် ယာဉ်စည်းကမ်းနားမလည်ခြင်း စသည့်အချက်များကြောင့်ဖြစ်သည်ဟု နေပြည်တော်တရားရေးဝန်ထမ်းတဦးကပြောပါတယ်။ လိုင်စင်မဲ့ဆိုင်ကယ်များကို လိုင်စင်ချပေးပြီးနောက် ဆိုင်ကယ်တစီးကို တလတသိန်းဖြင့်ငှားပြီး ဆိုင်ကယ်တက္ကစီမောင်းသူများလာသည့်အပြင် ကျွမ်းကျင်မှုမရှိသည့်ဆိုင်ကယ်တက္ကစီများက ကားကိုဝင်တိုက်သည့်အမှုများလည်း မကြာခဏရှိနေသည်ဟု နေပြည်တော်ခရီးသွားများက ပြောပါတယ်။

နေပြည်တော်ဝန်ထမ်းများမှာလည်း ပျဉ်းမနားကားလိုင်းများကျပ်သည့်အတွက် အဆိုပါဆိုင်ကယ်တက္ကစီများကိုသာ အားထားစီးနေရပါတယ်။ ထို့ကြောင့် နေပြည်တော်ဆိုင်ကယ်ထိခိုက်သေဆုံးမှုတွင် နေပြည်တော်ဝန်ထမ်းများလည်းပါဝင်သည်ဟု နေပြည်တော်ဝန်ထမ်းတဦးကပြောပါတယ်။ နေပြည်တော်ဆိုင်ကယ်တက္ကစီမောင်းသူများသည် တနေ့ ကျပ်ငွေ ၃၀၀၀ ဆိုင်ကယ်ပိုင်ရှင်ကိုပြန်ပေးရန်ရှာရသည့်အတွက် အလုအယက်အမြန်မောင်းရာမှ ထိခိုက်မှုများကြုံရသည်ဟုလည်း တရားရုံးသတင်းရပ်ကွက်ကပြောပါတယ်။ နေပြည်တော်ကုတင် ၃၀၀ ဆေးရုံရှိ လူနာအများစုမှာ ဆိုင်ကယ်တိုက်မှုကြောင့်ရောက်လာသည့်လူနာက အများစုဖြစ်နေသည်ဟု စုံစမ်းသိရပါတယ်။

# ကုလကိုယ်စားလှယ် ဦးကျော်တင့်ဆွေ ပြန်ခေါ်ပြီ

**NEJ ၊ ဂျန်နဝါရီ ၂၁ ။** ။ အမေရိကန်နိုင်ငံ နယူးယောခ့်မြို့တွင်တာဝန်ထမ်းဆောင်နေသည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအမြဲတမ်းကိုယ်စားလှယ် ဦးကျော်တင့်ဆွေအား အသက် ၆၀ ပြည့်ပြီးနောက် ၂ ကြိမ်တိုင်သက်တမ်းတိုးတာဝန်ပေးထားခဲ့သည့်အတွက် စစ်အုပ်စုကပြန်ခေါ်ထားသည်ဟု သံတမန်အသိုင်းအဝိုင်းကပြောပါတယ်။

နယူးယောခ့်အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအမြဲတမ်းကိုယ်စားလှယ်ရာထူးမှာ စစ်အုပ်စုသိက္ခာကိုကာကွယ်ပေးရသူဖြစ်သည့်အတွက် စစ်အုပ်စုအတွက်အရေးပါသည့် သံတမန်စစ်မျက်နှာတခုဖြစ်ပြီး ဦးကျော်တင့်ဆွေနေရာကို မည်သူနှင့်အစားထိုးမလဲဆိုသည်ကို သံတမန်အသိုင်းအဝိုင်းက စိတ်ဝင်တစားဖြစ်နေကြပါတယ်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအမြဲတမ်းကိုယ်စားလှယ်အဖြစ် ၈ နှစ်ကြာတာဝန်ယူခဲ့သည့် ဦးကျော်တင့်ဆွေသည် မြန်မာစစ်အုပ်စုခေါင်းဆောင် ပိုင်းက ယုံကြည်စွာအားထားရသည့် သံတမန်တဦးအဖြစ်ထင်ရှားပါတယ်။ မကြာခင်က အင်တာနက်စာမျက်နှာတွင်ဖြန့်ဝေခဲ့သည့် ဦးကျော်တင့်ဆွေရေးသားသည်ဆိုသည့် အစီရင်ခံစာတပိုင်းတစမှာ စစ်အုပ်စုဘက်က အတိုက်အခံနှင့်မီဒီယာများအားလှည့်စားရန် လုပ်ကြံဖြန့်ဖြူးသည့်အချက်ဖြစ်နိုင်သည်ဟု သံတမန်အသိုင်းအဝိုင်းတွင်ပြောဆိုနေပါတယ်။ သို့သော် ထိုစာတမ်းနောက်ဆုံးပိုင်းပါလက်မှတ်မှာမူ ဦးကျော်တင့်ဆွေလက်မှတ်နှင့်ဆင်တူသည်ဟု အချို့သံတမန်များကပြောပါတယ်။

ဦးကျော်တင့်ဆွေကို ၂၀၀၁ ခုနှစ် ဧပြီလမှစပြီး မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအမြဲတမ်းကိုယ်စားလှယ် ခန့်အပ်ခဲ့ခြင်းဖြစ်ပါတယ်။ ၁၉၆၈ ခုနှစ်မှ စပြီး နိုင်ငံခြားရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

# အဆိုကျော် ဂျောက်ဂျက် ဝန်ခံကတိထိုးရ ဆင်ဆာမဲ့ခွေနှင့်မပတ်သက်ဟုပြော

**NEJ ၊ ဂျန်နဝါရီ ၁၉ ။** ။Weekly Eleven ဂျာနယ်ကရေးသားသည့်သတင်းကြောင့် ဟစ်ဟော့အဆိုရှင် ဂျောက်ဂျက်အား စာပေစိစစ်ရေးနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးကခေါ်ယူ၍ ခံဝန်ကတိလက်မှတ်ရေးထိုးခိုင်းကြောင်း ဟစ်ဟော့သတင်းရပ်ကွက်ကသိရပါတယ်။

ပြီးခဲ့သည့်ဂျန်နဝါရီ ၁၅ ရက် ဈေးကွက်တွင်းဖြန့်ချိခဲ့သော အဆိုပါဂျာနယ်တွင် “မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့် လူနေမှုစနစ်အားထိခိုက်နိုင်သော ဆင်ဆာမဲ့ မြန်မာသီချင်းညစ်ညမ်းခွေများ သိန်းနဲ့ချီထိပျံ့နှံ့လျက်ရှိ၊ နာမည်ရလူငယ်အဆိုတော်အချို့နှင့် တီးဝိုင်းအချို့ ပတ်သက်မှုရှိ ဖန်တီးသူ၊ ထုတ်လုပ် သူ၊ ဖြန့်ချိသူနှင့် လက်ဝယ်ထားရှိသူ မည်သူမဆို ဆင်ဆာဥပဒေ ညစ်ညမ်း ဥပဒေနှင့် အရေးယူခံနိုင်” ခေါင်းစဉ်ဖြင့် ရေးသားထားခြင်းဖြစ်ပါတယ်။

ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ ကာယကံရှင်ဂျောက်ဂျက်အားဆက်သွယ်မေးမြန်းရာ ဝန်ခံကတိထိုးရသည်မှာ ဟုတ်မှန်ကြောင်း၊ သို့သော် အဆိုပါသတင်းတွင်ပါသော ၎င်း၏သီချင်းများအား အခွေအဖြစ်ထုတ်၍ရောင်းချသူမှာ မိမိနဲ့မပတ်သက်ကြောင်း လောလောဆယ် သီချင်းခွေထုတ်ခြင်းကိုရပ်ထားရကြောင်း ပြောပါတယ်။ စာပေစိစစ်ရေး၏ဝန်ထမ်းတဦးက “ကျမတို့ စာပေစိစစ်ရေးရုံးကတော့ ဂျောက်ဂျက်နဲ့ပတ်သက်တဲ့ အင်တာဗျူးသတင်းဆောင်းပါးတွေကို ရပ်ဆိုင်းထားဘို့ ညွှန်ကြားထားတယ်” ဟု ဆိုပါတယ်။

ဟစ်ဟော့နှစ်သက်သူလူငယ်တဦးက “ဝေဖန်ရေးလုပ်တယ်ဆိုတာ ဝေဖန်မယ့် Subject ကိုနားလည်မှ ဝေဖန်သင့်တယ်၊ နိုင်ငံတကာမှာ ဟစ်ဟော့တွေရဲ့သီဆိုမှုဟာ မကျေနပ်တာတွေ စိတ်ထဲရှိတာတွေကို ပေါက်ကွဲတာပဲ၊အာဖရိကကလူမည်းတွေဆီကတဆင့် ဒီဟစ်ဟော့ဂီတဆိုတာ စီးဝင်လာခဲ့တာ၊လူသားတွေကြားကို ဒါ တော်လှန်ရေးဂီတပဲ၊ ဂျောက်ဂျက်ဆိုတဲ့ ဟစ်ဟော့မှာ ညစ်ညမ်းတာပါတယ်၊ ဟုတ်တယ်၊ ဒါ သူ့အသိုင်းအဝိုင်းနဲ့နီးစပ်တဲ့အရာတွေထဲက သူရေးထားတဲ့အတွေ့အကြုံပဲ၊ ဘာပဲဖြစ်ဖြစ် ဒီလိုသီဆိုမှုတွေကို ဂျောက်ဂျက် တကောင်တည်းဆိုတာမဟုတ်ဘူး၊ မြန်မာ Underground သီဆိုခဲ့သူတွေ ခုနာမည်ရနေတဲ့ကောင်တွေလည်းလုပ်ခဲ့တယ်၊ ဂျောက်ဂျက်က အခုမှ အဆိုတော်တောင်မဖြစ်သေးဘူး၊ ဒီကောင့်တယောက်တည်းကို ပစ်မှတ်ထားသလိုဖြစ်နေတဲ့အတွက်တော့ ကျနော်စိတ်မကောင်းဘူး” ဟု ပြောပါတယ်။

ဟစ်ဟော့တေးသံရှင်များစွာရှိသည့်အနက် ဂျောက်ဂျက်အား လူငယ်အများနှစ်သက်ကြကြောင်း ဟစ်ဟော့နှစ်သက်သည့်လူငယ်များ၏ပြောဆိုမှုကို ကိုးကား၍သိရပါတယ်။

---

# မျိုးဆက်သစ် ၂ ဦးကို တိုက်ပိတ်ထား

**DVB ၊ ဂျန်နဝါရီ ၂၀ ။** ။မျိုးဆက်သစ်လူငယ်များအစည်းအရုံး Generation Wave (GW) အဖွဲ့ဝင် ၂ ဦးကို အင်းစိန်ထောင် စစ်ခွေးတိုက်၌ ဒီလ ၁၃ ရက်မှ စတင်တိုက်ပိတ်ထားကြောင်း ထောင်နဲ့နီးစပ်သူတဦးကပြောပါတယ်။

Generation Wave (GW) အဖွဲ့ဝင် ကိုငြိမ်းချမ်းနဲ့ကိုဇော်ထွတ်အောင်တို့ကို အာဏာပိုင်တွေက ပြီးခဲ့တဲ့ဂျန်နဝါရီ ၄ ရက် လွတ်လပ်ရေးအထိမ်းအမှတ်နေ့မှာ ကျဆုံးသူဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်ခေါင်းဆောင်ကြီးတွေအတွက် ထောင်တွင်းမှာမေတ္တာပို့ဆုတောင်းပွဲလုပ်ဘို့စီစဉ်တယ်ဆိုပြီး ထောင်အာဏာပိုင်တွေက စစ်ခွေးတိုက်ထဲပို့လိုက်တာလို့ပြောပါတယ်။ ဟစ်ဟော့ပ်အဆိုတော် ဇေယျာသော်အပါအဝင် မျိုးဆက်သစ်လူငယ်များအစည်းအရုံးဝင်တွေကို ယမန်နှစ်မတ်လမှာ စတင်ဖမ်းဆီးပြီး တရားမဝင်အသင်းဖွဲ့စည်းမှုနဲ့တရားစွဲပြီး ထောင်ဒဏ်ချမှတ်ပြီးနောက် မိသားစုနဲ့ဝေးတဲ့ထောင်တွေဆီပို့ထားပါတယ်။

အာဏာပိုင်တွေက ကိုဇေယျာသော်ကို တနင်္သာရီတိုင်း ကော့သောင်းထောင် (တနင်္သာရီတိုင်း)၊ ကိုအောင်ဇေဖြိုးကို တောင်ငူထောင် (ပဲခူးတိုင်း)၊ ကိုသီဟဝင်းတင်ကို ညောင်ဦးထောင် (မန္တလေးတိုင်း)၊ ကိုအာကာဗိုလ်က ကျောက်ဖြူထောင် (ရခိုင်ပြည်နယ်) အသီးသီးပြောင်းရွှေ့ထားတယ်လို့ GW က ကြေညာထားပါတယ်။ GW အဖွဲ့ဝင် ၂ ဦးဖြစ်တဲ့ ကိုဝေလွှင်မျိုးနဲ့ ကိုရန်နိုင်သူတို့ကိုလည်း အရင်လ ၄ ရက်မှာ ဝေးလံတဲ့ထောင်တွေဆီ ထပ်ပို့လိုက်ပါတယ်။ ကိုဝေလွှင်မျိုးက မိုင်းဆတ်ထောင် (ရှမ်းပြည်နယ်) ကိုရောက်သွားပြီး ကိုရန်နိုင်သူက ကျောက်ဖြူထောင် (ရခိုင်ပြည်နယ်) ကိုရောက်သွားပြီလို့ GW က ကြေညာထားပါတယ်။

---

# ILO ကို တိုင်သူ ထောင်ဒဏ် ၁၀ နှစ်ချ

**DVB ၊ ဇန်နဝါရီ ၂၃ ။** ။မကွေးတိုင်း နတ်မောက်မြို့နယ်မှာ တောင်သူတွေရဲ့လယ်တွေ သိမ်းပိုက်ခံရမှုအတွက် ILO ကို တိုင်ကြားရာမှာ ဦးဆောင်ကူညီခဲ့သူ ကိုဇော်ဌေးကို မကွေးမြို့နယ်တရားရုံးက ဒီညနေမှာ ထောင်ဒဏ် ၁၀ နှစ် ချမှတ်လိုက်ပါတယ်။

စစ်တပ်ကသိမ်းယူတဲ့မြေနေရာကို ဓာတ်ပုံရိုက်မှုကို အကြောင်းပြုပြီး နိုင်ငံတော်လျှို့ဝှက် ချက်ပေါက်ကြားမှု ကျူးလွန်တယ်လို့ စီရင်ချက်ချလိုက်တာဖြစ်ကြောင်း တရားခွင်ရောက်ခဲ့တဲ့ ဒေသခံတဦးက ပြောပါတယ်။ ကိုဇော်ဌေးကို အာဏာပိုင်တွေက နိုင်ငံတော်လျှို့ဝှက်ချက် ပေါက်ကြားစေမှု ဥပဒေပုဒ်မနဲ့တရားစွဲတာဖြစ်ပြီး သူနဲ့အတူ တရားစွဲခံရတဲ့ နတ်မောက်ဒေသခံ ဦးလှစိုးက အစိုးရသက်သေဖြစ်သွားလို့ တရားသေလွှတ်သွားတယ်လို့ ပြောပါတယ်။

နတ်မောက်မြို့မျက်ရဲကန်၊ ကျောင်းရွာလေး စတဲ့ရွာတွေက လယ်မြေ ဧက ၅,၀၀၀ ကျော်ကို နယ်မြေခံစစ်တပ်က သိမ်းယူလိုက်တဲ့အတွက် တောင်သူ ၅၀ ကျော်က ILO ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် ရန်ကုန်ရုံးကို တိုင်ကြားခဲ့တာပါ။

အဲဒီလိုတိုင်ကြားရာမှာကူညီခဲ့တဲ့ အောင်လံသား ကိုဇော်ဌေးနဲ့ နတ်မောက်ဒေသခံ ဦးလှစိုးတို့ကို အာဏာပိုင်တွေက ဖမ်းဆီးပြီး တရားစွဲခဲ့ပါတယ်။ ကိုဇော်ဌေးဘက်က လိုက်ပါဆောင်ရွက်နေတဲ့လူငယ်ရှေ့နေ ဦးဖိုးဖြိုးကိုတော့ အာဏာပိုင်တွေက ဒီလ ၁၅ ရက်မှာ ဖမ်းဆီးလိုက်ပြီး အခု တရားရုံးမှာ ထွက်ချက်တောင်းတယ်လို့ပြောပါတယ်။

---

# မော်လမြိုင်ဈေး ဆိုင်ခန်း ကျပ် ၅၀၀၀၀

**NEJ ၊ ဂျန်နဝါရီ ၁၉ ။** ။တည်ဆောက်လျက်ရှိသည့် မော်လမြိုင် အမှတ် ၁ ဈေး ယာယီဆိုင်ခန်းများပြီးစီးပါက တလ ၅ သောင်းနှုန်းဖြင့် နေရာဝယ်ယူရမည်ဖြစ်သည့်အတွက် ဆိုင်ခန်းရှင်များ မကျေမနပ်ဖြစ်နေကြကြောင်း သိရပါတယ်။

“အခုလောလောဆယ် ကမ်းနားလမ်းပေါ်မှာပဲ ကိုယ့်ဘာသာယာယီတဲလေးတွေထိုးပြီး ဆိုင်ခင်းနေကြရတာ၊ ယာယီဈေးပြီးသွားရင်လည်း တလ ၅ သောင်းပေးမှ ဆိုင်ခန်းနေရာပြန်ရကြမှာ၊ လေးပေပတ်လည်လောက်ပဲရှိတဲ့ ဆိုင်ခန်းလေးတွေကို ၅ သောင်းပေးကြရမှာပါ။ မပေးလို့လည်း မရဘူးဆိုတော့ အားလုံးစိတ်ညစ်နေကြတယ်၊ ယာယီဈေးဆောက်ပြီးတာနဲ့ ကမ်းနားလမ်းပေါ်ကဆိုင်ခန်းတွေကို ဖျက်ခိုင်းတော့မှာလေ၊ ဈေးသူဈေးသားတွေအနေနဲ့က မီးလောင်လို့ဆုံးရှုံးရ အစိုးရနဲ့ကန်ထရိုက်ပေါင်းရိုက်လို့ ဆုံးရှုံးရနဲ့ မိအေးနှစ်ခါနာပါပဲ” ဟု ဆန်ဆိုင်ပိုင်ရှင်တဦးကပြောပါတယ်။

အဆိုပါဈေးကြီးသည် ၂၀၀၈ ဒီဇင်ဘာ ၁ ရက် ညနေ ၅ နာရီခန့်တွင် စတင်မီးလောင်ကျွမ်းခဲ့ရာ ည ၁၀ နာရီခန့် တဈေးလုံးပြာကျပြီးချိန်မှသာ လောင်ကျွမ်းမှုရပ်တန့်သွားပါတယ်။ အဆိုပါမီးကြောင့် သိန်းသောင်းချီဆုံးရှုံးခဲ့ရကြောင်း ဈေးသားများကပြောဆိုပါတယ်။

# အိုဘားမားနှင့်ပတ်သက်၍ မြန်မာ့နိုင်ငံရေးသမားအချို့၏ အမြင်သဘောထား

**DVB ၊ ဂျန်နဝါရီ ၂၁ ။** ။ ဒီနေ့စတင်တာဝန်ထမ်းဆောင်တဲ့ အမေရိကန်သမတသစ် ဘားရက်အိုဘားမားအပေါ် မြန်မာ့နိုင်ငံရေးသမားတွေရဲ့ သဘောထားအမြင်တွေကို စုစည်းတင်ပြအပ်ပါတယ်။

မစ္စတာအိုဘားမားဟာ အသက် ၄၇ နှစ်သာရှိသေးတဲ့အပြင် ပြုပြင်ပြောင်းလဲရေးလုပ်မယ်လို့ ကြွေးကြော်ထားသူဖြစ်တဲ့အတွက် အပြောင်းလဲ ဖြစ်မဖြစ် စောင့်ကြည့်နေတယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းကပြောပါတယ်။

“ကျနော်တို့ကတော့ မျှော်လင့်တာထက်ကို စောင့်ကြည့်နေတာပေါ့၊ အဓိကကတော့ အမေရိကန်ပြည်ထောင်စုအနေနဲ့ကတော့ သူ့အခြေခံမူဝါဒပေါ့၊ အခြေခံမူဝါဒဆိုတာ မြန်မာနိုင်ငံနဲ့ပတ်သက်ရင် လူ့အခွင့်အရေးဆိုင်ရာကိစ္စ၊ ဒီမိုကရေစီရေး၊ ဒီထောက်ခံမှုကတော့ အမြဲတမ်းရှိနေမှာပဲ၊ မစ္စတာ အိုဘားမားက ရွေးကောက်ပွဲမတိုင်မီ မဲဆွယ်ကာလကတည်းက အပြောင်းအလဲကိစ္စကို အလေးထားပြောဆိုခဲ့တာကြောင့် ပြုပြင်ပြောင်းလဲရေးအတွက် လုပ်နည်းကိုင်နည်းမှာ အရင်သမတတွေနဲ့မတူဘဲ ကွဲပြားမယ်လို့မျှော်လင့်တယ်၊ ဘယ်လိုကွဲပြားမလဲဆိုတာ ကျနော်တို့စောင့်ကြည့်နေတာပါ၊ ဘာဖြစ်လို့လဲဆိုတော့ သူဘယ်လိုအပြောင်းလဲလုပ်လာမလဲ၊ အခြေခံကတော့ မပြောင်းဘူးပေါ့နော်၊ လုပ်ပုံကိုင်ပုံ ဘယ်လိုပြောင်းလဲ ကျနော်တို့မသိသေးဘူးလေ၊ တကယ်လုပ်တဲ့အခါ မှာကြည့်ရမယ့်ကိစ္စဖြစ်နေတယ်”

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ စီအာပီပီအတွင်းရေးမှူး ဦးအေးသာအောင်ကတော့ အိုဘားမားအစိုးရက အရင်အစိုးရတွေလိုပဲ မြန်မာစစ်အစိုးရကို ဆက်လက်ဖိအားပေးမှာမှန်ပေမဲ့ အပြောင်းအလဲကတော့ မြန်မာပြည်သူတွေကိုယ်တိုင် အားထုတ်လုပ်ဆောင်မှုဖြစ်မှာပါလို့ပြောပါတယ်။

“ဗမာနိုင်ငံနဲ့ပတ်သက်လို့ကတော့ သိပ်မမျှော်လင့်ပါဘူး၊ အမေရိကန်ကတော့ ထုံးစံအတိုင်း အာဏာရှင်စနစ်အောက်မှာရှိတဲ့တိုင်းပြည်တွေကို စိတ်ဓာတ်ရေးရာအရ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့လုပ်ထုံးလုပ်နည်းတွေအရ တော့ ဆက်လက်ပြီးအားပေးနေမယ်ဆိုတာကတော့ ယုံကြည်ပါတယ်၊ ဒါပေမဲ့ ပိုပြီးတော့ အပြောင်းအလဲတခုဖြစ်အောင် ထူးထူးခြားခြားလုပ်လာလိမ့် လုပ်နိုင်လိမ့်မယ်လို့တော့ မမျှော်လင့်ပါဘူး၊ အဓိကကတော့ မြန်မာနိုင်ငံရဲ့အပြောင်းအလဲဆိုတာဟာ ပြည်တွင်းမှာရှိတဲ့ နိုင်ငံရေးအင်အားစုတွေ၊ တိုင်းရင်းသားအင်အားစုတွေနဲ့ ပြည်သူတွေရဲကြိုးပမ်းဆောင်ရွက်မှုတွေအပေါ်မှာပဲတည်ပါတယ်”

နအဖစစ်အုပ်စုဘက်ကတော့ သမတအိုဘားမားနဲ့ပတ်သက်ပြီး ဘာမှထုတ်ဖော်ပြောဆိုတာမကြားရသေးပါဘူး။ ရန်ကုန်က ဒီနေ့ပေးပို့တဲ့ အေအဲဖ်ပီသတင်းတပုဒ်မှာတော့ သမတဟောင်းဘုရှ်လက်ထက်က မြန်မာနိုင်ငံရဲ့တကဲ့အခြေအနေတွေကိုမလေ့လာဘဲ စီးပွားရေးပိတ်ဆို့မှုတွေလုပ်ခဲ့တာဟာ ပေါ်လစီအမှားတွေဖြစ်တဲ့အတွက် သမတသစ်အိုဘားမားလက်ထက်မှာ ပိတ်ဆို့မှုတွေလျှော့ပြီး အပြန်အလှန်နားလည်မှုရလာလိမ့်မယ်လို့ နအဖဘက်ကမျှော်လင့်ထားတယ်ဆိုပြီး အမည်မဖော်လိုတဲ့စစ်အုပ်စုအရာရှိတဦးကို ကိုးကားဖော်ပြထားပါတယ်။

အိုဘားမားကျမ်းသစ္စာဆိုပွဲကို မြန်မာ့ရုပ်မြင်သံကြားကမပြသပေမဲ့ မြန်မာနိုင်ငံသားအတော်များများကတော့ ဂြိုဟ်တုစလောင်းရုပ်သံတွေက တဆင့်တိုက်ရိုက်ကြည့်ကြတယ်လို့ စုံစမ်းသိရှိရပါတယ်။ ဒီလိုကြည့်တဲ့အခါ ထူးထူးခြားခြားသတိထားမိတာကတော့ ရွေးကောက်ပွဲနိုင်သူရော၊ ရှုံးသူပါ အခမ်းအနားအတူတက်၊ လက်ဆွဲနှုတ်ဆက်နေတာပါပဲလို့ မြန်မာလူငယ်တချို့ကပြောပါတယ်။ မြန်မာနိုင်ငံမှာတော့ ပြည်တွင်းကရွေးကောက်ပွဲနိုင်သူနဲ့ ရှုံးသူအကြား အဆင်မပြေဖြစ်နေသလို ပြည်ပကအဖွဲ့တွေကြားမှာလည်း အချင်းချင်းနားလည်မှုမရှိ ငြင်းခုံတာတွေ အခုတလော တိုးလာနေတာကိုသာတွေ့ရပါ တယ်။

အမေရိကန်မှာက ဒီမိုကရေစီစနစ် စွဲစွဲမြဲမြဲခိုင်မာနေတဲ့နေရာဖြစ်တာ ကြောင့် အဲဒီလိုသဘောထားကြီးတဲ့အပြုအမူမျိုးကိုတွေ့ရပေမယ့် မြန်မာပြည် မှာတော့ အဲဒီလိုမဖြစ်နိုင်ရတဲ့အကြောင်းရပ်ကို အဖွဲ့ချုပ်ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက သုံးသပ်ရှင်းပြပါတယ်။

“ကျနော်တို့မှာ ဒီမိုကရေစီစနစ်ကို လွတ်လပ်ရေးရပြီး ၁၀ နှစ်လောက်ပဲတွေ့ကြုံခဲ့ရတာ၊ နောက်ပိုင်းမှာလည်း ဒီမိုကရေစီ လုံးဝဆိတ်သုဉ်းနေတယ်၊ အခုလည်း ဒီမိုကရေစီဆိုတာ စာလုံးပဲရှိတယ်၊ လက်တွေ့မှာ ဘာမှ ဒီမိုကရေစီဆိုင်ရာလက္ခဏာတွေက တခုမှမရှိဘူးလေ၊ ဒီဟာတွေကြောင့် ဒီလိုကွဲပြားတာပေါ့၊ သူတို့မှာတော့ ဒီမိုကရေစီခိုင်မြဲနေတော့ အာဏာလွှဲပြောင်းရေး အေးချမ်းငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းနိုင်ကြတာပေါ့၊ ဒါပါပဲလေ”

စီအာပီပီအတွင်းရေးမှူး ဦးအေးသာအောင်ကလည်း အမေရိကန်အခြေအနေနဲ့ မြန်မာ့အခြေအနေတို့ကို နှိုင်းယှဉ်သုံးသပ်ပြပါတယ်။

“ရှုံးသွားတဲ့လူနဲ့ အနိုင်ရတဲ့ပုဂ္ဂိုလ်တွေဟာ ရွေးကောက်ပွဲပြီးသွားတဲ့အခါမှာလည်းပဲ တကဲ့ကို ရင်းရင်းနှီးနှီးဆက်ဆံလို့ရတယ်၊ အဲဒါမျိုးတွေကိုတွေ့ရတယ်၊ မြန်မာနိုင်ငံမှာတော့ အဲဒီလိုအခြေအနေတွေ မဖြစ်နိုင်ဘူး၊ ဥပမာ ပါတီတခုတည်းမှာဖြစ်တဲ့ အိုဘားမားနဲ့ယှဉ်ပြိုင်ပြီးအရွေးခံခဲ့တဲ့ ဟီလာရီဆိုလို့ရှိရင်လည်းပဲ နိုင်ငံခြားရေးဝန်ကြီးခန့်တာမျိုးတွေပေါ့၊ ဒီမိုကရေစီနိုင်ငံကိုသွားမယ့် နိုင်ငံရေးသမားတွေ၊ နိုင်ငံရေးအဖွဲ့အစည်းတွေအနေနဲ့ ဒီလိုအပြုအမူတွေ ဒီလိုစိတ်ဓာတ်တွေကို အတုယူစရာကောင်းတယ်လို့ ကျနော့အနေနဲ့မြင်ပါတယ်”

ဝါရင့်သတင်းစာဆရာကြီး လူထုစိန်ဝင်းက “ပြည်ပနိုင်ငံတွေကိုမျှော်လင့်နေမယ့်အစား မြန်မာလူထုကိုယ်တိုင်က တခုခုထပ်လုပ်မှ အပြောင်းအလဲမြင်ရဖွယ်ရှိတယ်” လို့ ပြောကြားဘူးပါတယ်။

---

## သတင်းပြက္ခဒိန်မှ

**ဇန်နဝါရီ ၂၂ DVB ။ ။** စက်တင်ဘာလှုပ်ရှားနဲ့ဆက်စပ်ပြီး ထောင်ဒဏ် နှစ် ၃၀ ကျော်ချမှတ်ခံရတဲ့ ချင်းတိုင်းရင်းသား ကမ်မလမ်ခုတ်(ကိုကျော်စိုး)ရဲ့အယူ ခံကို တရားရုံးကလက်ခံပြီး ပြင်ဆင်မိန့်ချမှတ်လိုက်လို့ ၁၃ နှစ် သက်သာသွား တယ်လို့ အကျိုးဆောင်ရှေ့နေ ဦးကျော်ဟိုးက ပြောပါတယ်။

**ဇန်နဝါရီ ၂၃ ၊ BKK-AFP ။ ။** ရိုဟင်ဂျာ ဖ၅၀ ခန့်အား ပင်လယ်ပြင်မှ ကယ်ဆယ်ခဲ့ရမှုတွင် ထိုင်းမှမောင်းထုတ်မှုဖြင့် လူ့အခွင့်အရေးအဖွဲ့များ၏စွပ်စွဲခံရသော ထိုင်းသည် အိမ်နီးချင်းနိုင်ငံသံတမန်များအား တရားမဝင်တပါးနိုင်ငံဝင်ရောက်မှု လူဝင်မှုကြည့်ကြပ်ရေး ခေါ်ယူဆွေးနွေးမည်။

**ဇန်နဝါရီ ၂၃ ၊ JAKARTA ။ ။** ဒုက္ခသည်များအဆိုအရ ထိုင်းနိုင်ငံမှ ဖမ်းဆီးချုပ်နှောင်ရိုက်နှက်ပြီး အစာရေစာဖြင့် စက်မဲ့လှေဖြင့် ပင်လယ်ပြင်ပြန်လွှတ်ခံခဲ့ရသော မြန်မာမှဒုက္ခသည် ၁၇၄ ဦးအား တွေ့ခွင့်ရရန် ကုလသမဂ္ဂဒုက္ခသည်မဟာမင်းကြီးမှ အင်ဒိုနီးရှားထံခွင့်တောင်းထား၏။

**ဇန်နဝါရီ ၂၃ ၊ RGN-AP ။ ။** ကုလသမဂ္ဂအထူးသံ Ibrahim Gambari သည် မြန်မာသို့ ဂျန်နဝါရီ ၃၁ တွင် လာရန်စီစဉ်ထားကြောင်း။

**ဇန်နဝါရီ ၂၃ ၊ XNA ။ ။** မြန်မာတွင်ပြန်ပေးဆွဲခံထားရသော တရုတ်လူငယ် ၁၈ ဦးသည် မိဘများမှလျော်ကြေးပေး၍လွှတ်လာကြောင်း ဆင်ဟွာသတင်းမှဆို၏။

**ဇန်နဝါရီ ၂၃ ၊ DVB ။ ။** ပြည်တွင်းပြည်ပ လှုပ်ရှားသူမြန်မာများနှင့် အဲန်အဲလ်ဒီသည် ဦးသန့်မွေးနေ့ အထိမ်းအမှတ်ကျင်းပခဲ့၏။

VB

| 2009 | | | | | | |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

# သတင်းပြက္ခဒိန်

**ဇန်ဝါရီ ၁၈ ၊ Mizzima ။ ။** ဒေါ်အောင်ဆန်းစုကြည်အား အမေရိကန်ရှိ Realizing the Dream အဖွဲ့မှ Trumpet of Conscience ဆု ဇန်နဝါရီ ၁၈ တွင် ချီးမြှင့်၏။

**ဇန်နဝါရီ ၁၉ ၊ DVB ။ ။** ကြံ့ဖွံ့သည် ၂၀၁၀ ရွေးကောက်ပွဲကြိုတင်ပြင်ဆင်မှုအဖြစ် ရန်ကုန်ဆင်ခြေဖုံးရပ်ကွက်များတွင် စည်းရုံးရေးဆင်းနေကြောင်း။

**ဇန်နဝါရီ ၁၉ ၊ DVB ။ ။** ပဲခူးမြို့ လမ်းပြကြယ်အဖွဲ့ဝင်နှင့် လက်တွဲလုပ်ကိုင်ခဲ့ဖူးသူ ရှေ့နေဦးစန်းမောင်အား ပဲခူးမြို့ရဲစခန်းမှ ဝတ္တရားနှောင့်ယှက်မှုဖြင့်အမှုဖွင့်ခဲ့ကြောင်း။

**ဇန်နဝါရီ ၁၉ ၊ DVB ။ ။** တောင်ငူထောင်မှ နိုင်ငံရေးအကျဉ်းကျ ရွှေသံစဉ်ဂီတတီးဝိုင်းမှ ကိုဝင်းမော်အား ၁၆ ရက်နေ့တွင် အင်းစိန်ထောင်သို့ပြောင်းရွှေ့ခံခဲ့ရကြောင်း။

**ဇန်နဝါရီ ၁၉ ၊ NEJ ။ ။** နေပြည်တော်တွင် မော်တော်ဆိုင်ကယ်ထိခိုက်မှုဖြင့် သေဆုံးသူ ပျမ်းမျှတနေ့ ၈ ဦးခန့်ရှိကြောင်း တရားရုံးရပ်ကွက်မှဆို၏။

**ဇန်နဝါရီ ၁၉ ၊ Mizzima ။ ။** SSA ရှမ်းပြည်နယ်တပ်နှင့် နအဖတပ်တို့ရှမ်းပြည်တောင်ပိုင်း သုံးနေရာတွင် အပြင်းအထန်တိုက်ပွဲဖြစ်ခဲ့ကြောင်း။

**ဇန်နဝါရီ ၁၉ ၊ Mizzima ။ ။** ရန်ကုန်တိုင်းတွင် လုံခြုံရေးများ တိုးချထားကြောင်း။

**ဇန်နဝါရီ ၁၉ ၊Mizzima ။ ။** မြန်မာနှင့်ဘင်္ဂလာဒေ့ရှ်မှလာသော ရိုဟင်ဂျာ ၄၀၀ တို့၏ လူ့အခွင့်အရေးဖေါက်ဖျက်ခံရမှုပြဿနာဖြေရှင်းမည်ဟု ထိုင်းဝန်ကြီး ချုပ်မှဆို၏။

**ဇန်နဝါရီ ၁၉ ၊ DVB ။ ။** ၂၀၀၇ သံဃာ့တပ်ပေါင်းစုခေါင်းဆောင် အရှင်ဂမ္ဘီရသည် တပတ်ခန့်မှစ၍ အာစာတော်ခံဆန္ဒပြနေကြောင်း။

**ဇန်နဝါရီ ၁၉ ၊ NEJ ။ ။** Bi-Weekly Eleven ဂျာနယ်သတင်းကြောင့် ဟစ်ဟော့အဆိုရှင် ဂျော်ကျက်အား စာပေစိစစ်ရေးနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးက ခေါ်ယူ၍ ခံဝန်ကတိလက်မှတ်ရေးထိုးခိုင်းကြောင်း ဟစ်ဟော့သတင်းရပ်ကွက်မှဆို၏။

**ဇန်နဝါရီ ၂၀ ၊ NEJ ။ ။** ကာကွယ်ရေးတက္ကသိုလ်ဆင်းများအား တပ်မမှူး တိုင်းမှူးရာထူးများပေးရာမှ အရပ်ဘက်ညွှန်ချုပ်အဆင့်မျိုးသာပေးမည်ဟု သင်တန်းသားတဦးမှဆို၏။

**ဇန်နဝါရီ ၂၀ ၊ DVB ။ ။** မျိုးဆက်သစ်လူငယ်များ(GW)အဖွဲ့ဝင် ၂ ဦးကို အင်းစိန်ထောင် စစ်ခွေးတိုက်တွင် ဂျန်နဝါရီ ၁၃ မှစ၍တိုက်ပိတ်ခဲ့ကြောင်း နီးစပ်သူတဦးမှဆို၏။

**ဇန်နဝါရီ ၂၀ ၊ NEJ ။ ။** ၂၀၀၈ တွင် ထိုင်းရှိမြန်မာဒုက္ခသည် တသိန်းသုံးသောင်းရှိရာ ၂ နှစ်တွင်း ၁၂ရာနှုန်းကျဆင်းခဲ့သည်ဟု ဒုက္ခသည်ကူညီအဖွဲ့ TBBC မှဆို၏။

**ဇန်နဝါရီ ၂၀ ၊ DVB ။** နအဖသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို မပြင်လျှင် ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်အရွေးခံရန် ခဲယဉ်းကြောင်း မွန်ပြည်သစ်ပါတီမှဆို၏။

**ဇန်နဝါရီ ၂၀ ၊ Mizzima ။ ။** ထောင် ၆၅ နှစ်ကျ မနီလာသိန်း ကျန်းမာရေးချို့တဲ့နေကြောင်း။

**ဇန်နဝါရီ ၂၀ ၊ Mizzima ။ ။** ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် သူမ၏ရှေ့နေဦးကြည်ဝင်းမှ နအဖဝန်ကြီးချုပ်ထံသို့စာတင်ထားကြောင်း။

**ဇန်နဝါရီ ၂၀ ၊ Mizzima ။ ။** တရုတ်၏ မြန်မာအပေါ်သြဇာသည် ကျဆင်းနေသည်လော နအဖမှ ခေါင်းမာနေသည်လော။

**ဇန်နဝါရီ ၂၀ ၊ CANBERRA ။ ။** ပင်လယ်ပြင်တွင် ရေခဲထည့်သည့်ဘူးဖြင့်မျောလာသူ မြန်မာ၂ ဦး(၂၂ နှင့် ၂၄နှစ်)အား သြစတြေးလျားမှ Torres Strait တွင် ရဟတ်ယာဉ်ဖြင့်ကယ်တင်ခဲ့၏။

**ဇန်နဝါရီ ၂၀ ၊ DVB ။ ။** သာသနာရေးဝန်ကြီးဌာနညွှန်ကြားချက်အရ ရန်ကုန်တိုင်းတွင်း လူနေရပ်ကွက်ရှိ ခရစ်ယာန်အသင်းများ ယခုလဆန်းမှစ၍ ပိတ်ရန် အာဏာပိုင်များမှ လက်မှတ်ရေးထိုးခိုင်းကြောင်း။

**ဇန်နဝါရီ ၂၀ ၊ Bernama ။ ။** မြန်မာများသည် ထိုင်းဖက်မှဝင်လာနေသော်လည်း မြန်မာများကို မှောင်ခိုသွင်းမှုမရှိကြောင်း မလေးရှားပြည်ထဲရေးဝန်ကြီးမှဆို၏။

**ဇန်နဝါရီ ၂၀ ၊ DVB ။ ။** ယခုလရန်ကုန်စာအုပ်ဈေးကွက်တွင် လှေခါးထစ်များရဲ့ရာဇဝင်စာအုပ် အရောင်းရဆုံးဟု စာပေလောကစာအုပ်တိုက် တို့မှဆို၏။

**ဇန်နဝါရီ ၂၀ ၊ Bloomberg ။ ။** ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာမှလူ ၃၀၀ ခန့် ထိုင်းလူဝင်မှုမှ ပြန်မောင်းထုတ်၍ ပင်လယ်တွင် ပျောက်ဆုံးနေကြောင်း NYT မှဆို၏။

**ဇန်နဝါရီ ၂၀ ၊ DVB ။ ။** ကချင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့ KIO သည် ၂၀၁၀ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီအဖြစ် ပါဝင်အရွေးခံမည်မဟုတ်ဟုကြေညာ၏။

**ဇန်နဝါရီ ၂၁ ၊ DVB ။ ။** အစာငတ်ခံဆန္ဒပြသူ သံဃာ့တပ်ပေါင်းစုခေါင်းဆောင်အရှင်ဂမ္ဘီရအား မန္တလေးအိုးဘိုထောင်မှ စစ်ကိုင်းတိုင်းခန္တီးထောင်သို့ပို့ခဲ့၏။

**ဇန်နဝါရီ ၂၁ ၊ NEJ ။ ။** မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအမြဲတမ်းကိုယ်စားလှယ် ဦးကျော်တင့်ဆွေအား အသက် ၆၀ ပြည့်ပြီးနောက် ၂ ကြိမ်တိုင်သက်တမ်းတိုးတာဝန်ပေးထားခဲ့သည့်အတွက် စစ်အုပ်စုမှ ပြန်ခေါ်ထားကြောင်း သံတမန်အသိုင်းအဝိုင်းမှဆို၏။

**ဇန်နဝါရီ ၂၁ ၊ NEJ ။ ။** ဒေါ်အောင်ဆန်စုကြည်အား နေအိမ်အကျယ်ချုပ် ချုပ်ပိုင်ခွင့်မှာ ၂၀၀၉ ခုနှစ်မေလ ၂၉ ရက်တွင် ၆ လသက်တမ်းကုန်ဆုံးပြီဖြစ်ကြောင်းနှင့် အယူခံအမှုမှာ အမှုအဖြစ်လက်ခံထားသည့်အဆင့်တွင်သာရှိနေသေးကြောင်း ဒေါ်အောင်ဆန်းစုကြည်၏ရှေ့နေ ဦးကြည်ဝင်းမှ ခေတ်ပြိုင်သို့ဆို၏

**ဇန်နဝါရီ ၂၁ ၊ DVB ။ ။** မကွေးတိုင်း မြိုင်မြို့နယ်တွင်း ကောင်းဇော်ဟိန်းရေနံကုမ္ပဏီမီးလောင်မှုနဲ့ ပတ်သက်၍ လူ ၇၀ ဦးခန့်အဖမ်းခံထားရကြောင်း။

**ဇန်နဝါရီ ၂၁ ၊ NEJ ။ ။** စစ်တွေတွင် လုံခြုံရေးထူထပ်စွာချထားပြီး ညနေ ၆ နာရီနောက်ပိုင်း ပြင်ပမှကားများအား မြို့တွင်းသို့နောက်နေ့မှဝင်ခွင့်ပြုကြောင်း ဒေသခံများမှဆို၏။

**ဇန်နဝါရီ ၂၂ ၊ RGN-DPA ။ ။** ဦးသန့်နှစ်တရာပြည့်မွေးနေ့ ရန်ကုန်တွင်ကျင်းပရန် သူ၏မိသားစုမှစီစဉ်၍ ဒီမိုကရေစီအဖွဲ့ခေါင်းဆောင်များ၊ ကုလအရာရှိများ၊ သံတမန်များ၊ အစိုးရဝန်ထမ်းများအား ဖိတ်ထားကြောင်း။

**ဇန်နဝါရီ ၂၂ ၊ DVB ။ ။** ရေခဲပုံးဖြင့်မျောလာသူမြန်မာ၂ ဦးအား သြစတြေးလျားမှ ခိုလှုံခွင့် ပေးနိုင်ကြောင်း။

**ဇန်နဝါရီ ၂၂ ၊ DVB ။ ။** ဒလမြို့နယ် တရားရုံး ရဲနှင့်နယ်မြေခံထောက်လှမ်းရေးတို့ပူးပေါင်း၍ အဲန်အဲလ်ဒီ(လူငယ်) ခေါင်းဆောင်တဦးအား အမှုဆင်ထောင်ချခဲ့ကြောင်း။

**ဇန်နဝါရီ ၂၂ ၊ Mizzzima ။ ။** မန္တလေးတွင် နိုင်ငံရေးအကျဉ်း ၂၆ နှစ်ကျ ကေသီအောင်(၂၃)သည် အဟာရချို့တဲ့၍ ခလေးပျက်ကျခဲ့ရကြောင်း။

**ဇန်နဝါရီ ၂၂ ၊ BEIJING ။ ။** မြန်မာဖက်တွင် စစ်တပ် သို့မဟုတ် လက်နက်ကိုင် အဖွဲ့နှင့်ဆက်စပ်သော အလုပ်လုပ်လျှင် ရက်ပိုင်းအတွင်းငွေများစွာရမည်ကတိ ဖြင့် တရုတ်ဆယ်ကျော်သက် ၅၀ ဦးခန့်ကို ပြန်ပေးဆွဲသည်ဟု ယူဆရသော Shanxi ပြည်နယ်မှ လူ ၉ ဦးခန့်ပါအဖွဲ့ကို တရုတ်ရဲမှဖမ်းလိုက်ကြောင်း။

**စာမျက်နှာ ၈ သို့**

# “ပညာရေးအဆင့် ကမ္ဘာမှာ စင်္ကာပူကပထမ၊ မြန်မာပြည်ကသုည”

**မောင်ပုည (ဩစတြေးလျား)**

## (ဗိုလ်နေဝင်းက ကျောင်းတွေပြည်သူပိုင်လုပ်ပစ်၊ ဗိုလ်သန်းရွှေက စစ်တပ်ထဲမောင်းသွင်းပစ်)

## (၁)

‘ဆရာမောင်ပုညခင်ဗျား၊ ကီဗင်ရဒ် (Kevin Rudd) ရဲ့ပညာရေးတော်လှန်ရေးနဲ့ ဒုတိယဝန်ကြီးချုပ်နဲ့ ပညာရေးဝန်ကြီး ဂျူလီယာဂီးလတ် (Julia Gillard) ရဲ့ ABC မူကြိုကျောင်းကတော့ ၂၂ သန်းနဲ့ကျားကန်ပေးတာတောင် သုံးပုံနှစ်ပုံလောက်ထိ ပိတ်ပစ်လိုက်ရပြီဆရာ’

“TV မှာရော၊ သတင်းစာတွေမှာပါတွေ့ရတယ်မောင်ချစ်ဖူး၊ ပညာရေးဆိုတော့ လွယ်တာမှမဟုတ်ဘဲကွယ်”

‘မလွယ်လို့လည်း ဗိုလ်နေဝင်းက ကျောင်းတွေကိုပြည်သူပိုင်သိမ်းပစ်၊ ဗိုလ်သန်းရွှေက ကလေးတွေကို စစ်တပ်ထဲမောင်းသွင်းပစ်တာလားဆရာရယ်’

“ဗိုလ်နေဝင်းက သူ့သမီး ‘ကြေးမုံဝင်း’ ဆေးကျောင်းတက်ခွင့်ရတော့ လန်ဒန်မှာသွားတက်စေတယ်၊ ဟိုရောက်တော့ အင်္ဂလိပ်လိုမလိုက်နိုင်တော့ မြန်မာပြည်ပြန်လာပြီး အင်္ဂလိပ်စာသင်ကြားရေးကို ပြန်ပြီးလုပ်ရတယ်၊ ဗိုလ်သန်းရွှေကတော့ ဘယ်အနောက်နိုင်ငံကိုမှသွားလို့မရတော့ လွန်ခဲ့တဲ့ ၂ နှစ်ကျော်ကလက်ထပ်ခဲ့တဲ့ ‘သန္တာရွှေ’ ကို ပီကင်းမှာကျောင်းသွားထားရတယ်မဟုတ်လားကွယ်”

‘ဗိုလ်နေဝင်း မဆင်မခြင်နဲ့ ကျောင်းတွေကိုပြည်သူပိုင်လုပ်တာ အတော်ပဲအထိနာပါတယ်ဆရာ၊ ကျနော်ကိုယ်တိုင် ဘွဲ့သာရလာတယ်၊ အင်္ဂလိပ်လို ဘာမှမတတ်တော့ဘူးဆရာ’

“မကြာခင်လထဲက နယူးယောက်ကပညာရေးသုတေသီပုဂ္ဂိုလ် ဂျိုဲလ်ကလိန်း (Joel Klein) ဩစတြေးလျားကိုရောက်လာတယ်၊ ဒီမှာတော့ ပြာပြာသလဲပါပဲ၊ ပြီးတော့ ဂျိုဲလ်ကလိန်းက ဩစတြေးလျားရဲ့ပညာရေးကိုချီးကျူး တော့ သတင်းစာတွေကပါ ဝမ်းသာအားရရေးသားကြတယ်ကွယ်”

‘မြန်မာနိုင်ငံမှာတော့ ပညာရေး၊ စီးပွါးရေး၊ ကျန်းမာရေး ‘နာသုံးနာ’ နဲ့ အတော်ပဲအထိနာကြပါတယ်ဆရာ၊ မြန်မာနိုင်ငံကထွက်ပြေးလာတဲ့ကလေးတွေဆိုရင် ဂျပန်နိုင်ငံရောက် ကိုစိုးဝင်းရှိန်နဲ့အပေါင်းပါတွေမကူညီကြရင် ကျောင်းနေဘို့သာသာ အမှိုက်ပုံကိုထိုးဆွရုံပဲရှိတယ်ဆရာ၊ ဒါကြောင့် အာရှကိုပညာရေးရောင်းစားနေတဲ့ ဩစတြေးလျားရဲ့ပညာရေးအကြောင်း သိပါရစေဆရာ’

“ဩစတြေးလျားမှာ ကျောင်းအမျိုးအစားက သုံးမျိုးရှိပါတယ်၊ ၂၀၁၂ ခုနှစ်ရောက်ရင် သုံးနှစ်နဲ့ငါးနှစ်ကြား မူကြိုအစိုးရကျောင်းရယ်၊ ကျောင်းဝင်ကြေးက ဩစတြေးလျားဒေါ်လာ ၃၁၃၃၊ အင်္ဂလိကန်–ရိုမင်ကက်သိုလစ်ကျောင်းရယ်၊ ဒေါ်လာ ၅၂၇၀ နဲ့ ပြင်ပကျောင်းက ၈၅၅၂ ဒေါ်လာပါကွယ်”

‘ဟုတ်ကဲ့ဆရာ၊ မူလတန်း၊ အလယ်တန်းနဲ့ အထက်တန်းခွဲခြားပုံနဲ့ ကျောင်းလခလည်းသိပါရစေဆရာ’

“၂၀၁၃ ခုနှစ်ရောက်ရင် ယီးယားဝမ်း (year-1) အကြိုအတွက်၊ အစိုးရကျောင်းမှာ ၆၃၅၈ ဒေါ်လာ၊ အင်္ဂလိကန်–ရိုမင်ကက်သိုလစ်ကျောင်းမှာ ဒေါ်လာ ၉၀၁၈ နဲ့ ပြင်ပကျောင်းမှာ ၁၅,၉၉၆ ဒေါ်လာပေးရမယ်”

‘ဟုတ်ကဲ့ဆရာ၊ ပြောပါ’

“၂၀၁၃ ခုနှစ်က ၂၀၁၉ ခုနှစ်အထိ၊ ယီးယားဝမ်း (year-1) အကြိုနဲ့ ယီးယားဝမ်း (year-1) ကနေပြီး year-6 အထိကို မူလတန်းအောင်ပြီးတဲ့ နောက် အလယ်တန်း (secondary) အောင်အဖြစ်သတ်မှတ်ထားပါတယ်”

## (၂)

‘ဆက်ပါဦးဆရာ’

“ယီးယား (year-7) ကနေ ယီးယား (year-12) အထိကတော့ အလယ်တန်း (secondary) နဲ့ အထက်တန်း (High school) ကို ပေါင်းစည်းထားတာပါ၊ အထူးသဖြင့် (year-12) အောင်ရင် ကောလိပ်နဲ့ တက္ကသိုလ်တက်ရန်ဖြစ်ပါတယ်၊ ဒါက ရိုးရိုးလမ်းကြောင်းတခုပါ”

‘နောက်ထပ်ပညာရေးလမ်းကြောင်းတခုကိုလည်းပြောပါဦးဆရာ’

“နောက်ထပ်ကတော့ မြန်မာနိုင်ငံမှာ ၁၉၅၀–၆၀ ခုနှစ်အတွင်းကကျင်းသုံးခဲ့တဲ့ ရှစ်တန်းနဲ့ကိုးတန်းပေါင်းစည်းထားတဲ့တက္ကသိုလ်ဝင်တန်းဖြစ်သလို (year-11) နဲ့ (year-12) ကိုပေါင်းစည်းထားတဲ့ “VCE” စာမေးပွဲဖြစ်ပါ တယ်၊ ဒါလည်းအောင်ရင် ကောလိပ်နဲ့တက္ကသိုလ်တက်ခွင့်ရှိပါတယ်”

‘ဆက်ပြောပါဆရာ’

“ဗစ်တိုးရီးယားမှာ ၁၁၄,၇၇၀ ဒေါ်လာ၊ နယူးဆောက်ဝေးမှာ ၂၃၀,၉၉၇ ဒေါ်လာ၊ ကင်ဘာရာ၊ တာစ်မေးနီးယားမှာပေးရတဲ့ပညာရေးစရိတ်က ၄၄၄,၁၄၅ ဒေါ်လာအသီးသီးဖြစ်ပြီး၊ ကွင်းစလန်းအနောက်မှာ ၁၁၃,၈၀၇ ဒေါ် လာ၊ တောင်ပိုင်းမှာ ၂၂၀,၁၃၀ ဒေါ်လာနှင့် မြောက်ပိုင်းမှာ ၄၂၃,၄၅၆ ဒေါ်လာ အသီးသီးပေးရတဲ့ ပညာရေးစရိတ်တွေပါ”

‘ဩစတြေးလျားနိုင်ငံရဲ့ပညာရေးစနစ်ကိုတော့ အကြမ်းဖျဉ်းသိရပြီးတဲ့နောက် နိုင်ငံတကာရဲ့ပညာရေးစနစ်ကိုလည်း သိပါရစေဦးဆရာ’

“ကိုယ်တို့က ဩစတြေးလျားကျောင်းတွေမှာတက်ရောက်ပညာဆည်းပူးနေတာမဟုတ်ဘဲ သတင်းစာတွေ၊ စာအုပ်တွေဖတ်ပြီး ကြည့်ပြီး သုံးသပ်နေတာမောင်ချစ်ဖူးရဲ့၊ အနည်းဆုံး ‘ကရင်နီ’ အမျိုးသမီးရဲ့ယောက်ျား ‘သိန်းနိုင်’ လို ပညာရေးဝါသနာပါရင်တော့လည်း ကောင်းပါတယ်”

‘နားလည်ပါတယ်ဆရာ’

“ဩစတြေးလျားမှာ သင်္ချာနဲ့သိပ္ပံပေါင်းစည်းထားတဲ့သင်ရိုးညွှန်းတမ်းဖြစ်ပါတယ်၊ ဒါကြောင့် ‘ယီးယား 4 သင်္ချာ’၊ ‘ယီးယား 4 သိပ္ပံ’ ဆိုပြီး ခေါ်လေ့ခေါ်ထရှိပါတယ်၊ မြန်မာနိုင်ငံမှာတော့ ‘ဝိဇ္ဇာ–သိပ္ပံ’ ပေါ့ကွယ်”

‘မြန်မာနိုင်ငံမှာလိုပဲ ဖြစ်တတ်တဲ့သဘာဝတွေကတော့ အထက်တန်းပြသင်္ချာဆရာ သုံးပုံတပုံလောက်ဟာ သိပ္ပံဘာသာသင်ကြားပြသနိုင်ဘို့ ကြိုးစားနေကြရပါတယ်လို့ ရေးသားထားပါတယ်လေ’

## (၃)

“သိပ္ပံဆိုင်ရာ (year-4) ကိုအခြေခံထားပြီး နိုင်ငံတကာပညာရေးအဆင့်အတန်းကိုထုတ်ပြန်ထားတဲ့စာရင်းဇယားကတော့”

‘ပြောပါဆရာ’

“နိုင်ငံပေါင်း ၁၈ နိုင်ငံက စတုတ္ထတန်းသိပ္ပံကျောင်းသားတွေရဲ့တိုးတက်မှုစာရင်းဇယားတွေအပါအဝင် စာရင်းဇယားငါးမျိုးကိုခွဲခြားထားရာမှာ ရှေ့ဦးအဆင့်မြင့် (Advanced bench mark) မှာ စင်္ကာပူက ၃၆ နဲ့ ပထမ၊ ထိုင်ဝမ်က ၁၉ နဲ့ ဒုတိယ၊ ရုရှားက ၁၆ နဲ့ တတိယ၊ အမေရိကားက ၁၅၊ ဗြိတိန်နဲ့ ဟောင်ကောင်က ၁၄၊ ဟန်ဂေရီနဲ့အီတလီ ၁၃၊ ဂျပန်နဲ့အာမေးနီးယား ၁၂၊ ဆလိုဗက် ၁၁၊ ဩစတြေးလျားနဲ့လတ်ဗီးယား ၁၀၊ ဂျာမနီနဲ့ကာဇတ်စတန် ၁၀၊ ဩစတီးယား ၉၊ ဆွီဒင်နဲ့နယူးဇီလန်က ၈ တို့ပါပဲကွယ်”

‘တရုတ်နဲ့အိန္ဒိယတို့အပါအဝင် မြန်မာနိုင်ငံမပါဝင်ဘူးလားဆရာ’

“တရုတ်နဲ့အိန္ဒိယတို့က သန်းပေါင်းတထောင်ကျော်နဲ့ သန်းပေါင်းတထောင်စားဘို့ လုပ်နေရတယ်ကွယ်၊ မြန်မာကတော့ ကျောင်းနေဘို့အစား စစ်တပ်ထဲဝင်ရတယ်လေ၊ အဓိကကတော့ သင်ရိုးညွှန်းတမ်းရယ်၊ သင်ကြားမှုအပိုင်းရယ်၊ ကလေးတွေအတွက် စားရေးသောက်ရေး၊

**စာမျက်နှာ ၁၇ သို့**

# ၂၀၀၈ ခုနှစ်အတွင်း ထိုင်းနိုင်ငံရှိ မြန်မာဒုက္ခသည် ၁၂ ရာခိုင်နှုန်းမျှကျဆင်း

**NEJ ၊ ဂျန်နဝါရီ ၂၀ ။** ။ ယမန်နေ့ကထုတ်ပြန်လိုက်သော ထိုင်းနိုင်ငံတွင်းရှိ မြန်မာဒုက္ခသည်များအားအကူအညီပေးနေသည့် လူမှုရေးအဖွဲ့အစည်း TBBC ၏ထုတ်ပြန်ချက်အရ ၂၀၀၈ ခုနှစ်တွင် ထိုင်းနိုင်ငံအတွင်း မြန်မာဒုက္ခသည်ပေါင်း တသိန်းသုံးသောင်းကျော်ရှိနေသည့်အတွက် ၂ နှစ်အတွင်း ၁၂ ရာနှုန်းကျဆင်းသွားပါတယ်။

ယမန်နေ့ရက်စွဲဖြင့်ဖော်ပြထားသော ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး UNHCR ၏ထုတ်ပြန်ချက်တွင်မူ တသိန်းတသောင်းကျော်ရှိကြောင်း ဖော်ပြထားပါတယ်။ သို့ရာတွင် UNHCR ၏စာရင်းတွင် ဒုက္ခသည် အဖြစ်အသိအမှတ်ပြုပြီးသူများ၊ စိစစ်ဆဲနှင့် ကျောင်းသားအချို့သာပါဝင်ပြီး အသစ်ရောက်ရှိခိုလှုံလာသူများကိုမူ ထည့်တွက်ဖော်ပြထားခြင်းမရှိသေးပေ။

ဒုက္ခသည်ဦးရေလျော့သွားသည့်ကိစ္စနှင့်ပတ်သက်၍ ကရင်ဒုက္ခသည် များဆိုင်ရာကော်မတီကိုမေးရာ "တတိယနိုင်ငံတွေကိုသွားချင်လို့ ဒုက္ခသည် မဟုတ်ဘဲကူးပြောင်းရောက်ရှိလာသူတွေကို စိစစ်လိုက်တဲ့အတွက်ကြောင့် လည်းဖြစ်ပါတယ်၊ တကယ် ဒုက္ခသည်ဦးရေကတော့ လျော့ကျသွားခြင်းမရှိပါ ဘူး၊ ဒုက္ခသည်နှစ်သောင်းလောက်ထွက်သွားရင် နှစ်သောင်းလောက်ပြန်ဝင် လာတာပါပဲ" ဟု ကရင်ဒုက္ခသည်များဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးရောဘတ် ထွေးကရှင်းပြပါတယ်။

"စာရင်းအရလျော့ကျသွားတယ်ဆိုပေမယ့် ပြည်တွင်းကလာရောက် ခိုလှုံတဲ့ဒုက္ခသည်အရေအတွက် လျော့ကျသွားတာမျိုးမဟုတ်ဘူး၊ တတိယ နိုင်ငံတွေကို ကူးပြောင်းရောက်ရှိသွားတဲ့အတွက်လည်းပါပါတယ်၊ ဒါပေမဲ့ စာရင်းပြုစုတဲ့အဖွဲ့ကိုလိုက်ပြီး အရေအတွက်ကွာခြားမှုတွေရှိနေပါတယ်၊ TBBC ရဲ့စာရင်း၊ AMI ရဲ့စာရင်း၊ UNHCR ရဲ့စာရင်းတွေ မတူညီပါဘူး၊ သူတို့သတ်မှတ်တဲ့စံနှုန်းတွေပေါ်မူတည်ပြီး ကွာခြားတတ်ပါတယ်" ဟု မယ်လဒုက္ခသည် စခန်း ဒုဥက္ကဋ္ဌ ဦးစောထွန်းထွန်းကလည်း ရှင်းလင်းပြောဆိုပါတယ်။

TBBC ၏စာရင်းများအရ ၂၀၀၆ နှင့် ၂၀၀၈ ခုနှစ်နှိုင်းယှဉ်ပါက မြန်မာ ဒုက္ခသည် ၁၂ ရာခိုင်နှုန်းမျှလျော့ကျသွားသော်လည်း ဒုက္ခသည်အများဆုံးဖြစ်သည့် ကရင်လူမျိုးများသည် ရာခိုင်နှုန်း ၆၀ ကျော်ဖြင့် အများဆုံးဖြစ်နေသေးပါ တယ်။ ရှမ်းဒုက္ခသည်များအနေဖြင့်လည်း ချင်းမိုင်ဒုက္ခသည်စခန်းတွင် ၂၀၀၆ ခုနှစ်၌ ၆၀၄ ဦးရှိရာမှ ၂၀၀၈ ခုနှစ်တွင် ၆၆၆ ဦးဖြစ်လာပါတယ်။

ယခုပေါ်ထွက်လာသောစာရင်းအရ ၂၀၀၆ ခုနှစ်နှင့်နှိုင်းစာပါက ဒုက္ခ သည်စခန်းရှိ ကရင်နီ ၄ ရာခိုင်နှုန်းမြင့်တက်လာကာ တနင်္သာရီတွင် ၂ ရာခိုင် နှုန်းမျှလျော့ကျခဲ့သော်လည်း မွန်မှာ ၅ ရာခိုင်နှုန်းအတိုင်းသာ တည်ရှိနေပါ တယ်။ ၂၀၀၆ ခုနှစ် MOI နိုင်ငံတကာရွှေ့ပြောင်းသူများဆိုင်ရာအဖွဲ့ အစီရင် ခံစာမှာ မြန်မာနယ်စပ်အနီးရှိဒုက္ခသည်စခန်းမှ မြန်မာများအား အခမ့်ရွှေ့ ပြောင်းသူများအဖြစ် ထိုင်းအစိုးရကသတ်မှတ်ကြောင်းဖော်ပြထားပြီး ယင်း စခန်းများမှဒုက္ခသည်များအနေဖြင့် UNHCR ထံ ဒုက္ခသည်အဖြစ်လျှောက် ထားခွင့်မရှိဟု ထိုင်းအစိုးရကသတ်မှတ်ထားပါတယ်။

မဲဆောက်မြို့နှင့်ဘန်ကောက်မြို့သို့ တိုက်ရိုက်ရောက်ရှိလာကာ ဒုက္ခ သည်အဖြစ်လျှောက်ထားသူများကိုမူ ထိုင်းအစိုးရက နေရပ်ပြန်ရန်စိုးရိမ်ရသူ များအဖြစ်သတ်မှတ်ထားပြီး မူလနိုင်ငံကိုပြန်မပို့ကြောင်း သိရပါတယ်။ ၎င်းတို့ အနေဖြင့် UNHCR ထံ ထပ်မံလျှောက်ထားပါက လျှောက်ထားချက်အတည် မပြုမီ ဒုက္ခသည်လျှောက်ထားသူများအဆင့်ဟုသတ်မှတ်ပြီး UNHCR က တရားဝင်အသိအမှတ်ပြုပြီးပါက တတိယနိုင်ငံတခုခုတွင် ပြောင်းရွှေ့အခြေချခွင့် ရှိကြောင်း MOI အစီရင်ခံစာ၌ ရှင်းလင်းဖော်ပြထားပါတယ်။

---

# ကေအိုင်အို ရွေးကောက်ပွဲမဝင်

**DVB ၊ ဂျန်နဝါရီ ၂၀ ။** ။ ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ KIO က ၂၀၁၀ ရွေးကောက်ပွဲမှာ နိုင်ငံရေးပါတီတရပ်အနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်မှာမဟုတ်ဘူး လို့ ထုတ်ဖော်ပြောကြားပါတယ်။

"KIO က ပါတီဖွဲ့မှာမဟုတ်ဘူး" လို့ KIO လက်ထောက်နိုင်ငံခြား ရေးတာဝန်ခံ ဂျိမ်းစ်လွန်ဒေါင်ကပြောပါတယ်။ "KIO က လူတဦးတယောက် က ရွေးကောက်ပွဲဝင်မယ်ဆိုလို့ရှိရင်တော့ KIO ကနေထွက်ပြီးမှ အရပ်သား အနေနဲ့ဝင်ပြိုင်လို့ရတယ်။ ဒါပေမဲ့လို့ မဲသွားထည့်မယ်ဆိုရင်တော့ အဲဒါ ဘယ် မှထွက်စရာမလိုဘူး၊ KIO တယောက်အနေနဲ့ သွားထည့်လို့ရတယ်"

တိုင်းပြည်ငြိမ်းချမ်းတဲ့ကာလတိုင်အောင် KIO က လက်နက်စွဲကိုင်ထား မယ်လို့လည်း ဂျိမ်းစ်လွန်ဒေါင်ကပြောပါတယ်။

"တိုင်းပြည်တပြည်မှာဆိုရင် လက်နက်ကိုင်တဖွဲ့ပဲရှိရမှာကိုး။ အဲဒီတော့ ကာ ဘာဖြစ်လို့ တချို့တိုင်းပြည်မှာ လက်နက်ကိုင်အဖွဲ့တွေ အများကြီးရှိလဲ၊ ဆိုလိုချင်တာက အဲဒီတိုင်းပြည်က ငြိမ်ဝပ်ပိပြားရေးမရှိသေးဘူး၊ ငြိမ်းချမ်းရေး မရှိသေးဘူး၊ အဲဒီလိုမိပ္ပါယ်ရှိတယ်။

"ကျနော်တို့ဗမာပြည်မှာ ငြိမ်းချမ်းရေးရလာတဲ့အခါမှာ ပြည်သူလူထု အတွက် အာမခံချက်ရှိလာတဲ့အခါမှာဆိုရင် ကျနော်တို့က လက်နက်ကိုင်စရာ မလိုတော့ပါဘူး၊ ရေးထားတဲ့ Constitution အပေါ်မှာမူတည်ပြီးတော့မှ သူတို့ က ရွေးကောက်ပွဲလုပ်မယ်၊ ရွေးကောက်ပွဲကနေတက်လာတဲ့ ဒီလူကြီးတွေက ဒီစစ်အုပ်စုကရေးဆွဲထားတဲ့ဥပဒေကို သူတို့ကိုင်ပြီးတော့မှ သူတို့တိုင်းပြည်ကို အုပ်ချုပ်မယ်၊ အဲဒီအစိုးရက ပြည်သူလူထုအတွက် အာမခံချက်ရှိတဲ့ဟာ အဆင့် အတန်းရှိသည်ဆိုတဲ့နေ့မှာကျတော့ ကျနော်တို့ လက်နက်ကိုင်စရာမလိုတော့ ပါဘူး၊ ကျနော်တို့လုပ်တာက ပြည်သူလူထုအတွက်ပဲလုပ်ခြင်းဖြစ်တယ်"။

---

# ဖွဲ့စည်းပုံကိုမပြင်ဆင်လျှင် မွန် ရွေးကောက်ပွဲမဝင်

**DVB ၊ ဂျန်နဝါရီ ၂၀ ။** ။ နအဖစစ်အုပ်စုကအတည်ပြုထားတဲ့ ဖွဲ့စည်းအုပ် ချုပ်ပုံအခြေခံဥပဒေကိုမပြင်ဆင်ရင် ၂၀၁၀ ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဘို့ ခဲယဉ်းတယ်လို့ မွန်ပြည်သစ်ပါတီက ပြောကြားပါတယ်။

မွန်ပြည်သစ်ပါတီဗဟိုဌာနချုပ်မှာ ဒီလ ၁ ရက်ကနေ ၁၇ ရက်အထိ ကျင်းပတဲ့ ပါတီညီလာခံမှာ ဒီလိုဆုံးဖြတ်လိုက်တာလို့ မွန်ပြည်သစ်ပါတီပြော ခွင့်ရပုဂ္ဂိုလ် နိုင်အောင်မငေးကပြောကြားပါတယ်။

"မပြင်ဆင်ခဲ့ရင် ၂၀၁၀ election မှာဝင်ဘို့ အတော်လေးခဲယဉ်းမယ်၊ ဝင်ဘို့လည်း စဉ်းစားရဘို့ အတော်လေးခက်မယ်လို့သတ်မှတ်ထားတယ်"

ဒီညီလာခံမှာ 'မွန်လူထုအဖွဲ့အစည်းအားလုံး၊ တမျိုးသားလုံးသွေးစည်း ညီညွတ်ရေး၊ ငြိမ်းချမ်းရေးအတွက်တွေ့ဆုံဆွေးနွေးရေး၊ ပါတီစုံစနစ် စတာတွေရ အောင်ကြိုးစားမယ်' ဆိုတဲ့ နိုင်ငံရေးဦးတည်ချက် ၅ ရပ်ကိုချမှတ်တယ်လို့လည်း ပြောပါတယ်။ နအဖစစ်အုပ်စုနဲ့သဘောတူညီထားတဲ့ အပစ်အခတ်ရပ်စဲရေးကို ပြန်လှန်သုံးသပ်ပြီးနောက် အဲဒီအခြေအနေအတိုင်းဆက်လက်ရပ်တည်ဘို့ ဆုံး ဖြတ်တယ်လို့လည်းပြောပါတယ်။

"ကျနော်တို့တပ်ထဲမှာ တကယ်ခိုင်မာကျစ်လစ်တဲ့အဖွဲ့အစည်းတခု ဖြစ်အောင်၊ ပါတီထဲမှာလည်း ခိုင်မာကျစ်လစ်တဲ့အဖွဲ့အစည်းတခုဖြစ်အောင် ကျနော်တို့လုပ်ဆောင်သွားပါ့မယ်၊ ကျနော်တို့ရဲ့ ပြည်သူတွေနဲ့ တသားတည်း ဖြစ်အောင်လို့ အပြန်အလှန်သုံးသပ်ပြီး ရှေ့လုပ်ငန်းစဉ်တွေချမှတ်ခဲ့ပါတယ်" မွန်ပြည်သစ်ပါတီညီလာခံကို ကိုယ်စားလှယ်နဲ့ လေ့လာသူ စုစုပေါင်း ၁၂၀ ကျော်ကျော်တက်ရောက်ပါတယ်။

# မိတ္ထီလာတွင် အနှိပ်ခန်းကိုဖုံးပြထားသည့်ဇိမ်ခန်းများ များပြား

**DVB ၊ ဂျန်နဝါရီ ၂၂ ။** ။ စစ်အုပ်ချုပ်ရေးရဲ့လက်အောက်မှာ ပြည်သူတွေ အထွေထွေအကျပ်အတည်းတွေရင်ဆိုင်ကြုံတွေ့နေရပြီး ခက်ခဲတဲ့စားဝတ်နေရေးအတွက် အမျိုးသမီးငယ်လေးတွေ နည်းလမ်းအမျိုးမျိုးနဲ့ လုပ်ကိုင်ရှာဖွေစားသောက်နေကြပါတယ်။

ဒီအတွင်းမှာ အနှိပ်ခန်းလို့ခေါ်တဲ့ မာဆက်တွေမှာ ခန္ဓာကိုယ်ကိုအရင်းအနှီးလုပ်ပြီး လုပ်ကိုင်စားသောက်လာကြတာတွေ တနေ့တခြားများပြားလာတယ်လို့ဆိုပါတယ်။ အရင်က ရန်ကုန်၊ မန္တလေးတို့လိုမြို့ကြီးတွေမှာသာ မာဆက်လို့ခေါ်တဲ့အနှိပ်ခန်းတွေ များများစားစားရှိတာပါ။ အခုဆို မြန်မာပြည်အလယ်ပိုင်းမှာရှိတဲ့ မိတ္ထီလာမြို့မှာပါ အများအပြားရှိလာပြီလို့ မြို့ခံတဦးကပြောပါတယ်။

"ဒီပြင်မြို့မှာတောင် ဒီမြို့လောက်မရှိဘူး၊ အခု ဒီမှာက မာဆက်ထောင်ထားတဲ့လူရဲ့ တရက်အမြတ်ငွေက ၅ သိန်းအထက်မှာရှိတယ်၊ ဒါ ဟိုကလေးမတွေအတွက်မပါဘူး၊ မာဆက်ဆိုတာ ရှေ့ကအရောင်ပြပဲ၊ ၁ နာရီ ၃၀၀၀ နှိပ်မယ်၊ ၇၀၀၀ နှိပ်မယ်၊ နောက်ကြေးတက်ရင် နောက်ခန်းထဲခေါ်သွား၊ တသောင်း၊ နှစ်သောင်း၊ သုံးသောင်းပေါ့။ ဖမ်းလို့လည်းမရဘူး၊ ဖမ်းတယ်ပြောလည်း ဒီထဲမှာ အာဏာပိုင်တွေနဲ့နီးစပ်တဲ့သူတွေ၊ လိုင်းကြေးနဲ့ပေးထားတဲ့သူတွေဆိုတော့ မိတ္ထီလာက အဆိုးဆုံးပဲ၊ အထက်ဗမာပြည်မှာ အဆိုးဆုံးပဲ"

အနှိပ်ခန်းလို့အမည်ပေးထားပေမယ့် ပြည့်တန်ဆာလုပ်ငန်းကို အဓိကလုပ်ဆောင်နေကြောင်းနဲ့ ဒီလိုအနှိပ်ခန်းမျိုးတွေဟာ ပြည်သာယာရပ်ကွက်နဲ့ မြို့သစ်ရပ်ကွက်တွေမှာ အများဆုံးဖြစ်ပြီး တမြို့လုံးမှာဆို ၁၅ ခုလောက်အထိရှိတယ်လို့ဆိုပါတယ်။ အနှိပ်ခန်းတခုမှာ အမျိုးသမီးငယ် ၁၀ ယောက်ထက်မနည်းရှိပြီး တမြို့လုံးရှိဆိုင်ခန်းအားလုံးဆိုရင် အမျိုးသမီး ၁၅၀ ခန့်ရှိတယ်လို့လည်းဆိုပါတယ်။ အနှိပ်ခန်းတွေကအမျိုးသမီးတွေဟာ လစဉ်နီးပါး တခြားနယ်ကိုပြောင်းသွားကြပြီး သူတို့နေရာတွေမှာ တခြားနယ်ကအသစ်တွေ အစားထိုးဝင်လာတတ်တယ်လို့လည်း သိရပါတယ်။

မိသားစုစားဝတ်နေရေးအဆင်မပြေမှုကြောင့်လုပ်နေကြတဲ့ ဒီအမျိုးသမီးငယ်တွေကို ကျန်းမာရေးပညာပေးမှုပြည့်ပြည့်ဝဝမရှိတဲ့အတွက် ဒီအနှိပ်ခန်းတွေဟာ HIV-AIDS ဖြန့်ဖြူးရာ ဗဟိုချက်မတွေဖြစ်လာသလို မြို့နေလူငယ်ထုအကြားမှာ ဒီရောဂါနဲ့သေဆုံးမှုနှုန်း တိုးပွားလာတယ်လို့ မြို့ခံတွေကပြောပါတယ်။ ဒီကိစ္စကို မြို့နေလူထုကတိုင်ကြားခဲ့ကြဘူးပေမယ့် အနှိပ်ခန်းပိုင်ရှင်တွေက ဒေသအာဏာပိုင်တွေကိုလာဘ်ထိုးထားတဲ့အတွက် စီမံချက်ရှိတဲ့အချိန်တွေမှာသာ ခဏငြိမ်သွားပြီး ပုံမှန်အတိုင်းပြန်ဖြစ်လာတယ်လို့ မြို့ခံတွေကပြောပါတယ်။

---

# ကြံ့ဖွတ်က ရန်ကုန်ဆင်ခြေဖုံးတွင် စည်းရုံးရေးစတင်

**DVB ၊ ဂျန်နဝါရီ ၁၉။** ။ ကြံ့ခိုင်ရေးအသင်းကြီးဟာ လာမယ့် ၂၀၁၀ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ ရန်ကုန်မြို့ရှိ ဆင်ခြေဖုံးရပ်ကွက်တွေမှာ စည်းရုံးရေးဆင်းနေပြီလို့သိရပါတယ်။

တောင်ဒဂုံ၊ မြောက်ဒဂုံ စတဲ့မြို့နယ်တွေမှာ ရပ်ကွက်ရေရရှိရေးနဲ့ လမ်းပြုပြင်ရေးအတွက်ဆိုပြီး မြို့နယ်ကြံ့ခိုင်ရေးအသင်းဝင်တွေက အကြောင်းပြလုပ်ကိုင်ရာမှာ ကိုယ်ထူကိုယ်ထစနစ်လို့ဆိုပြီး ရေသွယ်ယူလိုသူတွေထံက တအိမ်ထောင်ကို တသိန်းကနေ တသိန်းခွဲအထိအလှူငွေထည့်ခိုင်းပြီး ရေရရှိရေးလုပ်ဆောင်နေတယ်လို့ မြောက်ဒဂုံမြို့ခံတဦးကပြောပါတယ်။ ဒါပေမဲ့ လူတွေမှာ အထွေထွေအကျပ်အတည်းနဲ့ရင်ဆိုင်နေရတဲ့အတွက် ရေဖိုးငွေသိန်းချီပေးရမယ့် ကြံ့ခိုင်ရေးအသင်းရဲ့စည်းရုံးမှုတွေကို ရပ်ကွက်သူရပ်ကွက်သားတွေအနေနဲ့ စိတ်ဝင်စားမှုမရှိဘူးလို့ မြို့ခံတဦးကပြောပါတယ်။ တောင်ဒဂုံ၊ မြောက်ဒဂုံ စတဲ့ ဆင်ခြေဖုံးရပ်ကွက်တွေဟာ ကျေးရွာပုံစံကိုအခြေခံပြီးတည်ထောင်ထားတဲ့ မြို့သစ်ရပ်ကွက်တွေဖြစ်တဲ့အတွက် သောက်သုံးရေရှားပါးမှုဒဏ်ခံနေရပုံကို အဆိုပါမြို့ခံကပြောပါတယ်။

"ဟိုတုန်းကကျေးရွာတွေမှာ ရေကန်ဟောင်းတွေရှိတယ်၊ နောက်မှ ငွေကြေးတတ်နိုင်သူတွေက အဝီစိတွင်းတွေတူးကြတယ်၊ အဝီစိတွင်းရေဆိုရင် စဉ့်အိုးတအိုး၊ စည်ပိုင်းတလုံးကို ၃၀၀ ပေးပြီးဝယ်သုံးရတယ်၊ အိမ်အထိ ပိုက်တွေနဲ့သွယ်တန်းပြီး အရောက်ပို့ပေးတာပါ"

ကြံ့ခိုင်ရေးအသင်းဟာ အရင်တုန်းကလည်း ရပ်ကွက်တွေမှာရေရရှိရေး၊ လမ်းပြုပြင်ရေးအတွက်ဆိုပြီး အလှူငွေကောက်ခံမှုတွေ အဆက်မပြတ်ရှိခဲ့ပေမဲ့ လက်တွေ့မှာတော့ ထိထိရောက်ရောက် အကောင်အထည်မပေါ်ဖူးဘူးလို့ လည်း အဲဒီမြို့ခံကဆိုပါတယ်။ ရပ်ကွက်ထဲက ဘွဲ့ရပညာတတ်လူငယ်တွေကို လည်း ကြံ့ခိုင်ရေးအသင်းကဦးစီးဖွင့်လှစ်တဲ့သင်တန်းတွေမှာ တက်ရောက်ခိုင်း နေပြီး ဘာတွေသင်ကြားပေးတယ်ဆိုတာ မပေါက်ကြားဘဲ နည်းပြဆရာတွေ ကညွှန်ကြားထားတယ်လို့ ဒေသခံတွေကပြောပါတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းကသတင်းတပုဒ်တွင် မြို့နယ်အာဏာပိုင်တွေက လူဦးရေထူထပ်တဲ့မုဒုံမြို့နယ်မှာ လာမယ့် ၂၀၁၀ ရွေးကောက်ပွဲအတွက် ပြင်ဆင်တဲ့အနေနဲ့ ကြံ့ခိုင်ရေးအသင်း၊ အမျိုးသမီးရေးရာအသင်းနဲ့ မီးသတ်တပ်ဖွဲ့တွေမှာ လူသစ်စုဆောင်းမှုတွေလုပ်နေတယ်လို့ ဖော်ပြထားပါတယ်။ အာဏာပိုင်တွေက လူမှုရေးအသင်းအဖြစ်အမည်ခံထားတဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးအသင်းရဲ့လုပ်ငန်းဆောင်တာတွေကို အနှောင့်အယှက်မပေးပေမဲ့ တခြားလူ့အခွင့်အရေးအဖွဲ့တွေ အများအကျိုးဆောင်ရွက်တဲ့အဖွဲ့တွေကိုတော့ ဖိနှိပ်ထားတဲ့အခြေအနေမျိုးတွေရှိနေတယ်လို့ သိရှိရပါတယ်။

---

# လမ်းပြကြယ်ဦးစန်းမောင် တရားစွဲခံရ

**DVB ၊ ဂျန်နဝါရီ ၁၉ ။** ။ ပဲခူးမြို့ကလမ်းပြကြယ်အဖွဲ့ဝင်နဲ့ လက်တွဲလုပ်ကိုင်ခဲ့ဘူးသူ ရှေ့နေဦးစန်းမောင်ကို ယမန်နေ့မနက်ပိုင်းက ပဲခူးမြို့ရဲစခန်းကိုဆင့်ခေါ် ပြီး ဝတ္တရားနှောင့်ယှက်မှု ပုဒ်မ ၃၅၃ နဲ့ အမှုဖွင့်အရေးယူလိုက်တယ်လို့ လမ်းပြကြယ်အဖွဲ့ဝင်တွေကပြောပါတယ်။

ပြီးခဲ့တဲ့နှစ်စက်တင်ဘာလမှာ ရှေ့နေဦးစန်းမောင်ဟာ ပဲခူးမြို့ သုခကာမိကျောင်းတိုက်က ဆရာတော်ဦးသုမလရဲ့အကူအညီတောင်းခံချက်အရ အရှင်ဦးခေမာစာရီအတွက် သံဃာမှတ်ပုံတင်လုပ်ဖို့ လဝကရုံးမှာလျှောက်လွှာဖောင်သွားယူရာကနေ အမှုစတင်ဖြစ်ပွားတာပါ။ လဝကမြို့နယ်မှူး ဦးခင်မောင်စိုးဟာ လျှောက်လွှာဖောင်လာယူသူတိုင်းကို အနည်းဆုံး ကျပ် ၅၀၀၀ ပေးမှထုတ်ပေးလေ့ရှိတယ်လို့ဆိုပြီး ရှေ့နေဦးစန်းမောင်က အခုလိုလျှောက်လွှာထုတ်မပေးတဲ့ကိစ္စ အထက်အာဏာပိုင်တွေကိုတင်ပြမယ်ဆိုမှ ဦးခင်မောင်စိုးက လျှောက်လွှာကိုထုတ်ပေးတာလို့ သိရပါတယ်။

ယမန်နေ့က ပဲခူးမြို့အမှတ် ၁ ရဲစခန်း စခန်းမှူးဦးလွန်းကြည်က ပဲခူးမြို့လဝကဒုဦးစီးမှူးဦးသိန်းဇော်ရဲ့တိုင်ကြားချက်အရ ရှေ့နေဦးစန်းမောင်ကို ဝတ္တရားနှောင့်ယှက်မှုနဲ့ အမှုဖွင့်လိုက်တာပါ။ ပုဒ်မ ၃၅၃ ဟာ အာမခံပေးနိုင်တဲ့အတွက် ကျပ် ၃ သိန်း အာမခံရပေမယ့် နောက်ပိုင်းမှာတော့ ရှေ့နေဦးစန်းမောင်ဟာ ဒီပုဒ်မအတွက် တရားဆက်လက်ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ရှေ့နေဦးစန်းမောင်ဟာ ပဲခူးမြို့လမ်းပြကြယ်အဖွဲ့က လူ့အခွင့်အရေးလှုပ်ရှားသူ ရှေ့နေဦးအေးမြင့်အဖမ်းခံရစဉ်က ရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်ခဲ့သူဖြစ်သလို တခြားလူ့အခွင့်အရေးဆိုင်ရာအမှုတွေကို လိုက်ပါကူညီဆောင်ရွက်ပေးနေသူလည်းဖြစ်ပါတယ်။ ဒါကြောင့် အာဏာပိုင်တွေက ဦးစန်းမောင်ကို တမင်အပြစ်ရှာပြီး အမှုဖွင့်လိုက်တာဖြစ်တယ်လို့ လမ်းပြကြယ်အဖွဲ့ဝင်တဦးကပြောပါတယ်။

# သတင်းတိုထွေ ဖတ်စရာကဏ္ဍ

ကျော်စိုးကြွေး



## ရေနံကုမ္ပဏီမီးလောင်မှုနှင့်ဖမ်းဆီးမှု

မကွေးတိုင်း မြိုင်မြို့နယ်အတွင်းက ကောင်းဇော်ဟိန်းရေနံကုမ္ပဏီ မီးလောင်မှုနဲ့ပတ်သက်ပြီး အဖမ်းခံထားရသူ ၇၀ ကျော်နေပြီလို့ ဒေသခံတွေက ပြောပါတယ်။ အဲဒီကုမ္ပဏီဟာ ခုလဆန်းပိုင်းကမှရောက်ရှိလာတာဖြစ်ပြီး ဒေသခံတွေဆီကရေနံတွေကို ဈေးနှိမ်ဝယ်၊ ကျသင့်ငွေကိုရှင်းမပေး၊ ဒ့ါအပြင် လွတ်လပ်စွာရောင်းဝယ်မှုကိုပါ ပိတ်ပင်ထားတာဖြစ်ပါတယ်။ ဒီအတွက် ရေနံမြေအလုပ်သမားတွေကတင်ပြတောင်းဆိုရာမှာ လုံခြုံရေးချထားတဲ့စစ်တပ်ကပစ်ခတ်တာကြောင့် အမျိုးသမီးတဦးသေနတ်ထိမှန်ခဲ့သလို ကုမ္ပဏီလည်း ဘယ်သူ့လက်ချက်မှန်းမသိရဘဲ မီးလောင်ခဲ့ပါတယ်။ **(DVB, 21.1.2009)**

## အိန္ဒိယ–မြန်မာနယ်စပ်ပစ်ခတ်မှု

တမူးမြို့နယ် အိန္ဒိယ–မြန်မာနယ်စပ်တွင် နှစ်နိုင်ငံနယ်ခြားစောင့်စစ်တပ်တွေ ရင်ဆိုင်အနေအထားနဲ့ တင်းမာနေကြပါတယ်။ မဏိပူရ ကသည်းပြည်နယ်ခွဲထွက်ရေးလက်နက်ကိုင်တွေက အိန္ဒိယနယ်ခြားစောင့်တပ်ကိုဝင်ရောက်တိုက်ခိုက်ပြီးနောက် မြန်မာပိုင်နက်ရှိ တမူးမြို့ နယ် ဘုတ်ကန်ရွာထဲကို တိမ်းရှောင်ဝင်ရောက်သွားတဲ့အတွက် အိန္ဒိယတပ်က လက်နက်ကြီးနဲ့ပစ်ခတ်တာလို့ ဆိုပါတယ်။ **(DVB, 21.1.2009)**

## တောင်ငူမှ အင်းစိန်သို့

တောင်ငူထောင်က နိုင်ငံရေးအကျဉ်းသား ရွှေသံစဉ်ဂီတတီးဝိုင်းက ကိုဝင်းမော်ကို ပြီးခဲ့တဲ့သောကြာနေ့က အာဏာပိုင်တွေက အင်းစိန်ထောင်ကို ပြောင်းရွှေ့အကျဉ်းချထားပါတယ်။ ကိုဝင်းမော်ကို အီလက်ထရောနစ်ပုဒ်မနဲ့ တရားရုံးထပ်တင်ဘို့ အင်းစိန်ထောင်ကိုပြန်ပို့လိုက်တာလို့ စနေနေ့က ကိုဝင်းမော်ကို အင်းစိန်ထောင်မှာထောင်ဝင်စာတွေ့တဲ့ ဇနီးဖြစ်သူ မသဇင်က ပြောပါတယ်။ **(DVB, 19.1.2009)**

## ဂမ်ဘာရီမြန်မာပြည်သွားဦးမည်

ဇန်နဝါရီလ ၃၁ ရက်နေ့ကျရင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်းရဲ့ မြန်မာပြည်အထူးကိုယ်စားလှယ် မစ္စတာ ဂမ်ဘာရီ မြန်မာပြည်ကိုထပ်သွားမယ်လို့ သတင်းထွက်ပေါ်လာပါတယ်။ ကုလပြောရေးဆိုခွင့်ရှိသူတဦးက ဂမ်ဘာရီကို နအဖက ဖိတ်ကြားတယ်ဆိုတာမှန်တယ်ပြောပြီး သွားမယ့်ရက်အတိအကျကိုတော့ အတည်မပြုသေးဘူးလို့ဆိုပါတယ်။ NCGUB ရဲ့ကုလသမဂ္ဂကိုယ်စားလှယ်ဒေါက်တာသောင်းထွန်းက ဒီခရီးကနေ မစ္စတာ ဘန်ကီမွန်းမြန်မာပြည်ကို ရလဒ်ကောင်းထွက်ပေါ်ရေးအတွက် သွားနိုင်အောင် လုပ်ဖို့ လိုအပ်တယ်လို့ဆိုပါတယ်။ **(MIZZIMA, VOA, 23.1.2009)**

## ကြပ်ပြေးမှ ဉမင်လိုဏ်ခေါင်းများ

နအဖစစ်အုပ်စုဟာ ကြပ်ပြေးမှာ ဉမင်လိုဏ်ခေါင်းတွေဆောက်လုပ်နေတယ်ဆိုတဲ့သတင်းတွေထွက်ပေါ်နေတာ ကြာနေပါပြီ၊ ရှမ်းပြည်နယ် ပင်လောင်းဒေသအထိရောက်မယ့် ဉမင်လိုဏ်ခေါင်းဆောက်လုပ်ရေးမှာ လုပ်ခဲ့တဲ့အလုပ်သမားတဦးက ကြီးမားလှတဲ့ဉမင်တွေတူးဖောက်လုပ်ကိုင်နေတာဖြစ်ပြီး စနစ်တကျနဲ့ စီရရီရှိတယ်လို့ ဆိုပါတယ်။ မြောက်ကိုရီးယားလူမျိုးတချို့ကိုလည်း တွေ့ရတယ်လို့သိရပါတယ်။ **(DVB, 20.1.2009)**

## အီးယူရဲ့မြန်မာပြည်အတွက်အလှူများ

အီးယူက မြန်မာပြည်အတွက် လူသားချင်းစာနာထောက်ထားတဲ့အလှူအဖြစ်နဲ့ ယူရို သန်း ၄၀ လောက်ပေးမယ်လို့သိရပါတယ်။ နာဂစ်ပြန်လည်ထူထောင်ရေးအတွက် ၂၂ သန်း၊ ထိုင်းမြန်မာနယ်စပ်က ဒုက္ခသည်တွေနဲ့ ရိုဟင်ဂျာဒုက္ခသည်တွေကို ကျန်တဲ့ငွေတွေနဲ့ ထောက်ပံ့ပေးမယ်လို့ သိရပါတယ်။ **(IRRAWADDY, 21.1.2009)**

## AIDS လူနာ ဝေဘာဂီသို့ အဓမ္မပြောင်းခံရ

ရန်ကုန်မြို့တွင်းက ဘုန်းကြီးကျောင်းတကျောင်းမှာနေရင်း AIDS ဆေးကုသမှုကိုရရှိနေတဲ့ လူနာ ၃၅ ဦးကို မြောက်ဥက္ကလာ ဝေဘာဂီ ကူးစက်ရောဂါဆေးရုံကို ဒေသဆိုင်ရာအာဏာပိုင်တွေက အတင်းအဓမ္မရွှေ့ပြောင်းပစ်ခဲ့တယ်လို့ ပြုစုစောင့်ရှောက်သူတဦးက ပြောပါတယ်။ ဒါပေမဲ့ အဲဒီဆေးရုံက ၂၆ ဦးကိုသာ လက်ခံနိုင်ခဲ့တယ်လို့ သိရပါတယ်။ **(IRRAWADDY, 22.1.2009)**

## ရိုဟင်ဂျာဒုက္ခသည်အရေး ၅ နိုင်ငံဆွေးနွေး

လွန်ခဲ့တဲ့သီတင်းပတ်အတွင်းက ရိုဟင်ဂျာလှေစီးဒုက္ခသည်တွေကို ထိုင်းစစ်တပ်က လူသားချင်းမစာနာပဲဆက်ဆံခဲ့မှုပေါ်ပေါက်လာလို့ နိုင်ငံအတော်များများအထူးသဖြင့် မြန်မာရဲ့အိမ်နီးချင်းနိုင်ငံတွေကြားမှာ အံ့အားသင့်ခဲ့ကြပါတယ်။ ထိုင်းအစိုးရက စစ်တပ်ရဲ့လုပ်ရပ်ကို ကာကွယ်ပြောဆိုခဲ့ပါတယ်၊ ဒီကိစ္စကို ထိုင်းက ကမကထလုပ်ပြီး ဝိုင်းဝန်းဖြေရှင်းဖို့လုပ်မယ်လို့ဆိုပါတယ်၊ ဒါကြောင့် မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မလေးရှား၊ အင်ဒိုနီးရှားသံအမတ်တွေကို ထိုင်းနိုင်ငံခြားရေးဌာနကဖိတ်ခေါ်ပြီး တရားမဝင်ပြောင်းရွှေ့သူတွေကိစ္စတွေကို ဆွေးနွေးခဲ့ပါတယ်။ **(AFP, 23.1.2009)**

## ဖိလစ်ပိုင်ထောက်ပံ့မှု

ဖိလစ်ပိုင်အစိုးရက နာဂစ်ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေလုပ်နေတဲ့ အာဆီယံလူသားချင်းစာနာထောက်ထားရေးအဖွဲ့ကို ၂၂ ရက်နေ့က ဒေါ်လာ ၅ သောင်း ထောက်ပံ့တယ်လို့ သိရပါတယ်။ အာဆီယံရဲ့လုပ်ရပ်တွေကို ဖိလစ်ပိုင်အစိုးရက ထောက်ခံအားပေးတဲ့သဘောဖြစ်ပါတယ်။ **(PIA, 23.1.2009)**

## မြစ်ဝကျွန်းပေါ်ကလေးလုပ်သား

ဧရာဝတီမြစ်ဝကျွန်းပေါ် နာဂစ်ဒဏ်ခံဒေသတွေမှာ ကလေးလုပ်သား တွေ အရမ်းများပြားနေတယ်လို့သိရပါတယ်။ လုပ်ငန်းပိုင်ရှင်အမျိုးမျိုးက ကုန်ကျစရိတ်သက်သာအောင်ဆိုပြီး ကလေးတွေကို ခေါ်ခိုင်းသလို ကလေးတွေကလည်း စားဝတ်နေရေးအတွက် ရရာအလုပ်ဝင်လုပ်နေလို့ အခုလိုများပြားတာပါ။ ထမင်းကျွေးပြီး တနေ့ ၃၀၀ နဲ့ဝင်လုပ်နေတာပါ။ သာမန်အလုပ်သမားတဦးတနေ့လုပ်ခဟာ ၁၅၀၀ ကနေ ၃၀၀၀ ကြားမှာရှိပါတယ်။ **(IRRAWADDY, 23.1.2009)**

# အရည်အချင်းမှ အရည်အတွက်သို့

**ဒုဗိုလ်မှူးကြီးအေးမြင့်(ငြိမ်း)**
**ကြည်း-၈၅၆၃**

ကျနော်တပ်ထဲမှာရှိစဉ်တုန်းက တပ်မတော်ကိုစတင်စုဖွဲ့တည်ထောင် ခဲ့တဲ့ မူလ၊ ပထမ၊ ဖခင်အစစ်ဟာ တိုင်းပြည်ရဲ့လွတ်လပ်ရေးဗိသုကာ၊ ပြည်သူတို့ရဲ့တုနှိုင်းမရတဲ့ကျေးဇူးရှင်၊ အမျိုးသားသူရဲကောင်း၊ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရယ်လို့ သိရှိနားလည် ခံယူခဲ့ရပါတယ်။

တိုင်းပြည်ကို ၁၉၆၂ ခုနှစ်မှာ စစ်အာဏာရှင်စနစ်မျိုးစေ့ချသွတ်သွင်းလို့ ၂၆ နှစ်တိုင်တိုင် လက်နက်အားကိုး၊ နိုင်လိုမင်းထက်၊ အတင်းအဓမ္မ၊ စိုးမိုးချယ်လှယ်ကာ “One Man Ruling Country” အဖြစ် စစ်ဘုရင်ပမာကျင့်ကြံအားထုတ်၊ မင်းလုပ်ခဲ့တဲ့ မူလ၊ ပထမ၊ စစ်အာဏာရှင်လက်ဟောင်းကြီး ဗိုလ်ချုပ်ကြီးနေဝင်းကပင်လျှင်၊ သူဟာ တပ်မတော်ရဲ့ဖခင်မဟုတ်သလို၊ ဒုတိယဖခင်လို့ပင် ခေါ်ဆိုလို့မသင့်ပါဘူး။ တပ်မတော်ရဲ့အုပ်ထိန်းသူ Guardian တဦးသာဖြစ်ပါတယ်လို့ တခါကအဆိုအမိန့်ပြုခဲ့ဘူးတာ မှတ်မိနေပါသေးတယ်။

သွားလေသူဗိုလ်ချုပ်ကြီးနေဝင်းရဲ့ ဒီလူသိရှင်ကြား၊ တရားဝင်ဝန်ခံမိန့်ဆိုမှုဟာ သွေးထွက်အောင်မှန်သလို၊ သဘာဝကျ၊ မှန်ကန်သောသစ္စာစကား လို့ပဲ မှတ်တမ်းတင်ရပါလိမ့်မယ်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့မှာ ဗမာ့လွတ်လပ်ရေးတပ်မတော် ဘီအိုင်အေ (BIA) ကို ဗိုလ်ချုပ်အောင်ဆန်းအမှူးပြု ဦးစီးကွပ်ကဲတဲ့ ရဲဘော်သုံးကျိပ်ဝင် အာဇာနည်သူရဲကောင်း စစ်ခေါင်းဆောင်များက စုဖွဲ့တည်ထောင်ခဲ့ကြတာဖြစ်ပါတယ်။ BIA ဟာ ဗမာ့လွတ်လပ်ရေးလှုပ်ရှားမှုသမိုင်းနဲ့အတူ စတင်ပေါက်ဖွားဖြစ်ထွန်းခဲ့ရတာဖြစ်သလို လက်ရှိပစ္စုပ္ပန်၊ ဒီနေ့တပ်မတော်ရဲ့ ရှေ့ပြေးတပ်မတော်၊ ဒါမှမဟုတ် တပ်မတော်ရဲ့ သမိုင်းဦးအစက တပ်မတော်လည်းဖြစ်ပါတယ်။

တပ်မတော်သမိုင်းအထောက်အထားများနဲ့ ရဲဘော်သုံးကျိပ်ဝင်အချို့ ပြောဆို ရေးသား ပြုစုတင်ပြမှုသာဓကများအရ ရဲဘော်သုံးကျိပ်ဝင်သူရဲကောင်းတို့ရဲ့ ဦးစီးကွပ်ကဲမှုခေါင်းဆောင်ဟာ တပ်မတော်ရဲ့ မူလ၊ ပထမ၊ ဖခင်အစစ်၊ ဗိုလ်ချုပ်အောင်ဆန်းသာလျှင်ဖြစ်တယ်ဆိုတာ ဘယ်သူမှငြင်းမရတဲ့သမိုင်းသက်သေလို့ ဆိုရပေမည်။ BIA စတင်စုဖွဲ့စဉ်က ရဲဘော်သုံးကျိပ်ဝင်တို့ရဲ့ ခေါင်းဆောင်မှုဝါစဉ်ကို ဆန်းစစ်လေ့လာ၊ ဆင်ခြင်ရှုမြင်ကြည့်ပါလျှင် ဗိုလ်ချုပ်အောင်ဆန်းပြီးလျှင် ဗိုလ်လက်ျာ၊ ဗိုလ်စကြာ၊ ဗိုလ်ဇေယျ၊ ဗိုလ်နေဝင်းရယ်လို့ မှတ်တမ်းမှာတွေ့ရပါတယ်။ ဗိုလ်နေဝင်းဟာ အမှတ်စဉ် ၅ ဝါစဉ်မျှသာရှိခဲ့သူဖြစ်ပါတယ်။

ကျနော်စစ်သားဘဝအစ ၁၉၅၅ ခုနှစ်မှာတော့ ဖခင်ဗိုလ်ချုပ်အောင်ဆန်းက တပ်မတော်ရဲ့ဦးစီးကွပ်ကဲမှုတာဝန်၊ ဒုတိယဖခင်အဖြစ် ပုခုံးပြောင်းပေးခဲ့သူဟာ ဗိုလ်လက်ျာဖြစ်ပါတယ်။ ဝါစဉ်အမှတ် ၃ နေရာမှာရှိခဲ့သူ ဗိုလ်စကြာက တပ်မှထွက်ခါ စီးပွါးရေးနယ်ပယ်မှာသာ ရပ်တည်လှုပ်ရှားခဲ့တာ သတိပြုမိပါ တယ်။ တပ်မတော်ရဲ့သမိုင်း ၄၇-၄၈-၄၉ အဆစ်အကွေ့မှာ ဗိုလ်လက်ျာနဲ့ ဗိုလ်ဇေယျ၊ ဗိုလ်ရဲထွဋ်တို့ဟာ ကာလ၊ ဒေသ၊ ပယောဂအခြေအနေများကြောင့် တပ်မတော်နဲ့ကင်းကွာသွားခဲ့ကြတာ လေ့လာမှတ်သားမိပါတယ်။ အဲဒီသမိုင်းအဆစ်အကွေ့များဟာ ကျနော်စစ်သားဖြစ်မှသာ အကြီးအကဲအရာရှိများ၊ ဆရာသမားများက သွန်သင်၊ ပဲ့ပြင်၊ ထိန်းကျောင်းမှု၊ ပညာပေးစေ့ဆော်ဆုံးမမှုများအရ သိခဲ့ရတာပါ။

ကျနော်စစ်သားဖြစ်ချိန်မှာ စစ်ဦးစီးချုပ်ဟာ ဗိုလ်ချုပ်ကြီးနေဝင်းဖြစ်ပြီး၊ စစ်ဦးစီးချုပ်သက်တမ်း ၆ နှစ်ခန့်ရှိနေပါပြီ။ ဗိုလ်မှူးချုပ်ကျော်ဇောက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဖြစ်နေပြီး၊ ဗိုလ်ဗလက ဘိုတထောင်အခြေပြု COD မှာ ဗိုလ်မှူးရာထူးအဆင့်နဲ့သာရှိသေးပြီး မကျန်းမာလို့ ရန်ကုန်အခြေပြု (7-CRS ယခု အမှတ် ၂ တပ်မတော်ဆေးရုံ) မှာ ဆေးကုသခံနေတာတွေ့ရပါ တယ်။ ဗိုလ်မှူးဗလကို အဲဒီမှာ ပထမဆုံးအကြိမ်တွေ့ဘူးခဲ့တာပါ။ ထိုစဉ်က 7-CRS တပ်မှူးက ဆရာဝန်ဗိုလ်မှူးကျော် (ဆေးကျော်-ကုလားကျော်လို့ခေါ် ကြတာ မှတ်မိနေပါတယ်)

ထိုစဉ်ကာလက တပ်မတော်သားများကို ပြည်သူတို့က အခွန်အတုတ်များပေးဆောင်ကာ စားစရာ၊ နေစရာ၊ ဝတ်စရာမှအစ လက်နက်၊ လစာ၊ အရာရာကိုဖြည့်ဆည်းပေးနေသည်မို့ ကျေးဇူးရှင်မိဘပြည်သူများကို တပ်မတော်က ကျေးဇူးသိတတ်စွာဖြင့် “ပြည်သူသာလျှင်အမိ၊ ပြည်သူသာလျှင်အဖ” ရယ်လို့ ခံယူကျင့်ကြံလှုပ်ရှားနေကြတာ မှတ်မိနေပါသေးတယ်။ ကျနော်တို့မှတ်မှတ်ရရနေထိုင်ကျင့်ကြံလှုပ်ရှားလာခဲ့ရတာက ထိုစဉ်ကတပ်မတော်ဟာ “အရေအတွက်မှ အရည်အချင်းသို့” ဟူသောဆောင်ပုဒ်နဲ့အညီ ချီတက်လှုပ်ရှားခဲ့တာ အမှတ်ရနေပါသေးတယ်။

၁၆.၇.၆၀ မှာ အရာရှိဖြစ်လာပြီး ၁၉၇၂ ခုနှစ်ဝန်းကျင် ဗိုလ်ချုပ်ကြီးစန်းယု စစ်ဦးစီးချုပ်ဖြစ်လာချိန်မှာ ထူးထူးခြားခြား တပ်မတော်မှာအဆိုအမိန့်သစ်တခု ရေပန်းစားလာခဲ့ပါတယ်။ “တပ်မတော်ဟာ အစဉ်လန်းဆန်းနုပျိုနေတဲ့တပ်မတော်” ဖြစ်ရမတဲ့။ ဒီမူအရ တပ်မတော်တွင်းမှာ အရည်အချင်းရှိတဲ့ လူငယ်၊ လူရွယ်၊ စစ်ဗိုလ်၊ စစ်သားများကို အသက်အရွယ်နုပျိုသူများကို ရွေးတန်းတင်ချီးမြှင့်မြှောက်စားကာ၊ အသက်အရွယ်အိုမင်းရင့်ရော်သူများကို ပါတီ၊ ကောင်စီနဲ့ အရပ်ဘက်သို့ရွှေ့ပြောင်းနေရာချထားမှုများပြုခဲ့တာ တွေ့ရပါတယ်။ ဒီဖြစ်စဉ်ကြောင့် ထိုကာလက တပ်ထဲမှာ “အိုပယ်” ဆိုတဲ့ဝေါဟာရစကားလုံးသစ်တခု ရေပန်းစားခဲ့ပါသေးတယ်။ “အရေအတွက်မှ အရည်အချင်းသို့” ဆိုတဲ့ဆောင်ပုဒ်ကတော့ နေမြဲ ရှင်သန်ဆဲပဲခင်ဗျ။

၁၉၈၈ နောက်ပိုင်း နဝတတဖြစ်လဲ နအဖတို့ခေတ်ဆိုးကြီးထဲရောက်တော့မှပဲ “တပ်မတော်သာလျှင်အမိ၊ တပ်မတော်သာလျှင်အဖ” ဆိုတဲ့ ပြည်သူကိုကျေးစွပ်တဲ့ဆောင်ပုဒ်သစ်တွေ၊ တပုံတပင်ကြီး၊ ဗလောင်းဗလဲ၊ ပြောင်းလဲခေတ်စားလာသလို၊ “အရည်အချင်းမှ အရည်အတွက်သို့” ဆိုတဲ့ဆောင်ပုဒ် နဲ့ လုပ်စားမှုတို့ပါ၊ ထဲထဲဝင်ဝင်၊ ပီပီပြင်ပြင်ဖြစ်လာတော့တာပါဘဲ။ ဘယ်အတိုင်းအတာထိ ပြောင်းလဲလုပ်စားလာခဲ့ကြသလဲသိချင်လျှင်၊ နအဖပြည်တွင်းဖြစ်ဖက်ဆစ်၊ ဗိုလ်ယုတ်၊ ဗိုလ်ရူပ်၊ ဗိုလ်စုတ်တို့ရဲ့ ပစ္စုပ္ပန်လက်ငင်းလုပ်စားနေမှုအစုစု နဲ့ တက္ကသိုလ်မောင်သန့်ဇင်ရေးသားပြုစုတဲ့ “တခုတည်းသောစစ်တက္ကသိုလ်” စာအုပ်ကိုဖတ်ရှုပါက လယ်ပြင်မှာဆင်သွားသလို ထင်ထင်ရှားရှားသိမြင်ရပါလိမ့်မယ်။

တက္ကသိုလ်မောင်သန့်ဇင်ဆိုသူဟာ တခြားသူမဟုတ်ဘူးခင်ဗျ။ ဒီနေ့စစ်အာဏာရှင် အမှတ် ၃ နေရာမှာရှိနေသူ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနဲ့အတူ စစ်တက္ကသိုလ်အမှတ် ၁၁ မှအရာရှိကြီးဖြစ်လာသူ၊ ထီလာသား၊ စိတ်ထားသန့်ဇင်ပဲဖြစ်ပါတယ်။ နောင်တခေတ်ရဲ့အောင်စစ်သည် စာရေးဆရာတဦးပေါ့ဗျာ။ မိခင်စစ်တက္ကသိုလ်သမိုင်း၊ တစိတ်တပိုင်းကို၊ ရောင်ပြန်ဟပ်ပေါ်လွင်စေတယ်လို့ ဆိုနိုင်ပါတယ်။ ရေးသားပုံ မဆိုးလှပါဘူး။ စစ်အာဏာရှင်လက်ဟောင်းတို့ ဘုန်းမီးနေလတောက်ပချိန်မှာ ဗိုလ်ဖြစ်လာသူဆိုတော့လည်း တပ်မတော်သမိုင်းစစ်သမိုင်းမှန်တချို့နဲ့ နည်းနည်းတော့ကင်းကွာတာပေါ့လေ။ စာရေးသူကို ကျနော်နားလည်မှုပေးပြီး ခွင့်လွှတ်ရမှာပဲ။ ရေးသားပြုစုမှုအများစုဟာ သွေးထွက်အောင်မှန်နေတာတွေ ဖတ်ရမှတ်ရပါတယ်။

ဒီစာအုပ်ကို ပြည်တွင်းမှသားတပည့်တဦးက ကျနော့အတွက်ကိုးကားချက်များရအောင် တကူးတက အခက်အခဲများကြားမှ ရောက်အောင်ပေးပို့ခဲ့တာပါ။ တန်ဖိုးရှိလို့ ကျေးဇူးတင်ရပါတယ်။ ညီငယ်မောင်သန့်ဇင်ကို တခုတော့ အကိုကြီးရင်ဖွင့်ပါရစေ၊ တခုတည်းသောစစ်တက္ကသိုလ်ရယ်လို့ ပေါက်မြောက်ဖြစ်ထွန်းဘို့ဆိုရာမှာ အမှတ်အများဆုံးပေးပြီးချီးကျူးရမယ့်ပုဂ္ဂိုလ်ဟာ ဗိုလ်မှူးချုပ်မောင်မောင်၊ မူလ၊ ပထမ၊

**စာမျက်နှာ ၁၇ သို့**

# ဒလမြို့နယ် အဖွဲ့ချုပ်လူငယ်ခေါင်းဆောင်တဦးကို အမှုဆင်ပြီး မတရားထောင်ချ

**DVB ၊ ဂျန်နဝါရီ ၂၂ ။** ။ ရန်ကုန်တိုင်း ဒလမြို့နယ်တရားရုံး၊ ရဲနဲ့ နယ်မြေခံထောက်လှမ်းရေးတွေပူးပေါင်းပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်လူငယ်ခေါင်းဆောင်တဦးကို အမှုဆင်ထောင်ချလိုက်တယ်လို့ သိရပါတယ်။

ဒလမြို့နယ်တရားရုံးက အမှုတခုမှာလုံးဝပါဝင်ပတ်သက်ခြင်း အလျဉ်းမရှိတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒလမြို့နယ် လူငယ်တာဝန်ခံ ၁ ကိုထက်စိုးလင်းကို တခြားသုံးဦးနဲ့အတူ ယမန်နေ့က ထောင်ဒဏ် ၂ နှစ်ခွဲချမှတ်လိုက်ပါတယ်။ ဇူလိုင်း ၂၃ ရက်နေ့က ဒလဆိပ်ကမ်းမှာဖြစ်တဲ့ရန်ပွဲတခုမှာ ကိုထက်စိုးလင်းမရှိဘဲ အိမ်မှာအိပ်နေပေမယ့် သူ့ကိုအမှုတွဲမှာထည့်သွင်းပြီးတရားစွဲဆိုခဲ့တာလို့ ကိုထက်စိုးလင်းရဲ့အမေ ဒေါ်ဝင်းမြင့်ကပြောပါတယ်။ အမှုဖြစ်ပျက်ပုံနဲ့ ထောင်ချခံရပုံ နှိုင်းယှဉ်ပြပြီး မတရားထောင်ချခံရတာလို့ ဒေါ်ဝင်းမြင့်ကပြောပါတယ်။

“SB ကျော်မျိုးဝင်းဆိုတဲ့ကောင်နဲ့ မူးပြီးစကားများကြတာ၊တကယ်တော့ အဲဒီထဲမှာ ထက်စိုးလင်းမပါဘူး၊ ထက်စိုးလင်း သူ့ဘာသာသူ အိမ်မှာအိပ်နေတယ်၊ ထက်စိုးလင်းနဲ့ သက်ပိုင်လင်းနဲ့ အဲဒီကလေး ၄ ယောက်ကို တာဝန်ဝတ္တရားနှောင့်ယှက်မှုဆိုပြီး ၂ နှစ်ခွဲ သူတို့ချလိုက်ကြတယ်၊ သူတို့က တော်တော်လေးကိုမတရားလုပ်နေတာ အမှန်ဖြစ်နေလို့ ကျမလည်း မခံနိုင်လွန်းလို့ပြောတာ၊ ထက်စိုးလင်းကို သူတို့မုန်းနေတာ၊ ထက်စိုးလင်းက NLD အဖွဲ့ဝင်ဖြစ်နေတာကိုး”

ပြစ်ဒဏ်မချမှတ်မီရက်ပိုင်းအလို အခုလ ၁၁ ရက်နေ့ ညနှစ်ချက်ထိုး အချိန်မှာ အိမ်ကို ရဲအထူးသတင်းတပ်ဖွဲ့က ကိုကိုအောင်ရောက်လာပြီး အမှုဆင်ပုံကိုလည်း ဒေါ်ဝင်းမြင့်ကပြောပါတယ်။

“၁၁ ရက်နေ့ ည ၂ ချက်ထိုးက ထက်စိုးလင်းနဲ့သက်ပိုင်လင်းကို ခဏလေးမေးစရာရှိလို့ ရုံးကိုလိုက်ခဲ့ပါတဲ့၊ ထက်စိုးလင်းကိုအပြင်ခေါ်ထုတ်ပြီးသွား ဖြယောက် အိမ်ထဲကိုဝင်လာပြီး ကျမတို့ကိုဘယ်လိုအကောက်ကြံလည်းဆို တော့ SB ကိုကိုအောင်ဆိုတဲ့ကောင် ကျမခြံထဲမှာ မြေကြီးတွေတူးတယ်၊ တူးလည်းတူးရော ‘ဥက္ကဋ္ဌကြီး လုပ်ကြပါဦး ခြံထဲမှာ ဟိုဟာဒီဟာမြှုပ်ပြီးတော့ ကျမသားတွေကိုအကောက်ကြံမလို့လားမသိဘူး’ လို့ ကျမကပြောတယ်၊ ပြောလည်းပြောရော ၃ ကြိမ် သူတို့တူးတယ်၊ အဲဒီမှာ လစ်လည်းမလစ်ရော ကျမခြံစည်းရိုးရဲ့အပြင်ဘက်က ၂၇ ပေအကွာမှာ ဖောက်ခွဲရေးပုံးတွေ့ပါတယ်ဆိုပြီး ရပ်ကွက်လူကြီးမပါဘူး၊ သူတို့ကနေပဲဖော်ထုတ်ပြီးမှ တွေ့ပြီးတော့မှ လူကြီးကိုသွားခေါ်တယ်”

ကိုထက်စိုးလင်းထောင်ချခံရတာဟာ မြန်မာနိုင်ငံရဲ့တရားစီရင်ရေးစနစ် ယိုယွင်းပျက်စီးနေတဲ့သရုပ်သကန်ပဲလို့ ဦးထွန်းလွင်ကပြောပါတယ်။

“ရန်ဖြစ်တဲ့ဖြစ်စဉ်ထဲမှာမရှိတဲ့လူတယောက်ကို ထောင်ချတယ်ဆိုလို့ရှိရင် ဒါ မြန်မာနိုင်ငံရဲ့တရားစီရင်ရေးအရ အင်မတန်မှအရုပ်ဆိုးစေပါတယ်၊တိုင်းပြည်နဲ့လူမျိုးရေးဂုဏ်သိက္ခာကိုလည်း ထိခိုက်နစ်နာစေပါတယ်၊ အဲဒီတော့ ဗမာပြည်မှာ လူတန်းစားနှစ်ရပ်ရှိနေတယ်၊ လက်ရှိ ကျနော်တို့အမြင်မှာ တမျိုးက ဥပဒေအရကင်းလွတ်တဲ့လူတန်းစား၊ နောက်တမျိုးက ဥပဒေနဲ့မကင်းလွတ်တဲ့လူတန်းစား၊ ဒီနှစ်မျိုးပဲရှိတယ်” ထက်စိုးလင်းအမေကတော့ ဒီကိစ္စအတွက် အယူခံတင်သွားမယ်လို့ပြောပါတယ်။

---

## ကျောင်းကားမှောက်၍ ကျောင်းသားများဆေးရုံရောက်

**DVB ၊ ဂျန်နဝါရီ ၂၂ ။** ။ ကျောင်းသား ၄၀ ကျော်ပါတဲ့ သန်လျင်နည်းပညာတက္ကသိုလ်ကျောင်းကားတစီး ယမန်နေ့မနက်ပိုင်းက တိမ်းမှောက်ခဲ့ပါတယ်။ ဒီတိမ်းမှောက်မှုကြောင့် ကျောင်းသူ ၂ ဦးနဲ့ ကျောင်းသား ၁ ဦး စံပြဆေးရုံမှာ အတွင်းလူနာအဖြစ်ဆေးကုသမှုခံယူနေရပြီး ကျောင်းသားအများစု ဒဏ်ရာအနာတရဖြစ်တာများတယ်လို့ မျက်မြင်တွေ့ ရှိသူတွေကပြောပါတယ်။

ကျောင်းသားတွေက ကျောင်းနောက်ကျမှာစိုးလို့ ကားကိုအမြန်မောင်းခိုင်းတဲ့အတွက် တိမ်းမှောက်ခဲ့တာလို့ ကျောင်းသားမိဘတဦးက ခုလိုပြောပြပါတယ်။

“ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်နဲ့ သံလျင်ကူးတံတားထိပ်မှာဖြစ်တာ၊ မနက် ၈ နာရီ ကျောင်းပို့ချိန်မှာဖြစ်တာ၊ ကျနော်တို့စုံစမ်းသိရတာကတော့ ကျောင်းသားတွေက အချိန်နောက်ကျနေပြီဖြစ်တဲ့အတွက် အမြန်မောင်းခိုင်းတယ်လို့သိရပါတယ်၊ ယာဉ်မောင်းကအမြန်မောင်းတော့ တိုင်းရော့ကျွတ်ထွက်သွားတယ်တဲ့”

ကျောင်းကားတော်တော်များများဟာ ကျောင်းသားတွေအတွက် အသက်အန္တရာယ်လုံခြုံမှုအားနည်းတယ်လို့ အဲဒီ ကျောင်းသားမိဘကပြောပါတယ်။“ပြည်တွင်းမှာရှိတဲ့ ကျောင်းကားဘီအမ်တွေက လုံခြုံမှုအားနည်းတယ်၊ ကားတော်တော်များများက ဓါတ်ငွေ့သုံးစီအဲန်ဂျီကားတွေရှိတယ်၊ စီအန်ဂျီကားရဲ့သဘောသဘာဝက အရှိန်ပြင်းပြင်းမောင်းလာလို့ရှိရင် အပူတွေတက်လာပြီး ဒီကားရဲ့ကြံ့ခိုင်မှုကို ထိခိုက်စေတာရှိတယ်၊ ဒီကားတွေရဲ့သဘာဝက လုံခြုံမှုတော်တော်အားနည်းတယ်“

အလားတူပဲ ယမန်နေ့မနက်ပိုင်းတုန်းကလည်း ရွာသာကြီး စီးပွားရေးတက္ကသိုလ်ကျောင်းကားတစီး ဒဂုံတောင်ပိုင်း ၁၄၀ ရပ်ကွက် အမှတ် ၂ လမ်းမကြီးဘေး ထိုးဆင်းတိမ်းမှောက်ခဲ့ပါတယ်။ ဒါပေမဲ့ ဆေးရုံတက်ရတဲ့အထိ ကျောင်းသားတွေ ထိခိုက်ဒဏ်ရာပြင်းထန်ခဲ့တာမရှိခဲ့ဘူးလို့ သိရပါတယ်။

## ကာကွယ်ရေးတက္ကသိုလ်ဆင်း ညွှန်ချုပ်အဆင့်သာပေးမည်

**NEJ ၊ ဂျန်နဝါရီ ၂၀ ။** ။ ရန်ကုန်နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်သင်တန်းသားအရေအတွက်များနေသည့်အတွက် သင်တန်းဆင်းစစ်အရာရှိများကို ယခင်က တပ်မမှူး တိုင်းမှူးရာထူးများ တိုက်ရိုက်ပေးရာမှ ယခုအခါ အရပ်ဘက်ဌာနများတွင် ညွှန်ချုပ်အဆင့်မျိုးသာပေးတော့မည်ဟု သင်တန်းသားတဦးက ပြောပါတယ်။

“ခုတော့ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သင်တန်းသားက ၁၃၃၂ ဦးတောင်ရှိနေတဲ့အတွက် မင်းတို့အကုန်လုံးတော့ တိုင်းမှူး တပ်မမှူး အကုန်မဖြစ်တော့ဘူး၊ ဒါပေမဲ့ မင်းတို့နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ဆင်းတွေကိုပဲ နောင်မှာ ညွှန်ချုပ်တို့ ဦးဆောင်ညွှန်ကြားရေးမှူးတို့ပေးမယ်၊ တခြားသူတွေ မပေးဘူး” ဆိုသဖြင့် စိတ်ပျက်ကုန်သည်ဟု သင်တန်းသားတဦးကပြောပါတယ်။

နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သင်တန်းကို ယခင်က တပတ်လျှင် ဗိုလ်မှူးကြီးအဆင့် ၃၀ မှ ၅၀ ကြားသာ လက်ခံလေ့ရှိသော်လည်း ယခုအခါ ၁၀၀ ကျော်သည်အထိ သင်တန်းသားများပြားလာသည့်အတွက် တပ်မမှူး တိုင်း မှူးရာထူးများ မပေးနိုင်ခြင်းဖြစ်ပါတယ်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်း ကြည်း ၁၁၅၃၄ ဆိုလျှင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သင်တန်းအမှတ်စဉ် ၁ ဆင်းဖြစ်ပြီး အဆိုပါသင်တန်းတက်စဉ်က တမခ ဖဖ မှ ဗိုလ်မှူးကြီးရာထူးနှင့် တက်ခဲ့ခြင်းဖြစ်ပါတယ်။ ယနေ့မြန်မာစစ်ခေါင်းဆောင်အတော်များများမှာ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သင်တန်းအမှတ်စဉ် ၁ ဆင်းဖြစ်ပါတယ်။

မြန်မာစစ်အုပ်စုသည် ၂၀၁၀ ရွေး ကောက်ပွဲနောက်ပိုင်း အရပ်ဘက်ဌာနဆိုင်ရာများတွင်ရောက်ရှိနေသည့် စစ် အရာရှိများကိုလျှော့ချတော့မည်ဖြစ်ရာ မကြာခင် အရပ်ဘက်စစ်အရာရှိများ၏စွမ်းဆောင်ရည်ကို ပြန်သုံးသပ်ပြီး ထူးချွန်သူများကိုသာထားပြီး ကျန် စစ်အရာရှိများကို ပင်စင်ပေးမည်ဟုလည်း စုံစမ်းသိရပါတယ်။

# ရန်ကုန်တိုင်းရှိခရစ်ယာန်ဝတ်ပြုအသင်းများကို အာဏာပိုင်များကပိတ်ပင်

**DVB ၊ ဂျန်နဝါရီ ၂၀ ။** ။ ရန်ကုန်တိုင်းမှာ ခရစ်ယာန်ဘာသာဝင်တွေရဲ့ဝတ်ပြုအသင်းတွေကိုပိတ်ပစ်ဖို့ ဒေသခံအာဏာပိုင်တွေက ခေါ်ယူသတိပေးနေပါတယ်။ သာသနာရေးဝန်ကြီးဌာနရဲ့ညွှန်ကြားချက်အရ ရန်ကုန်တိုင်းအတွင်း လူနေရပ်ကွက်တွေရှိ ခရစ်ယာန်ဝတ်ပြုဆုတောင်းအသင်းတွေကို ဒီလဆန်းပိုင်းကစပြီး ပိတ်ဖို့ ဒေသခံအာဏာပိုင်တွေက ဆင့်ခေါ်လက်မှတ်ရေးထိုးခိုင်းတာပါ။

ဒီလိုပိတ်ခိုင်းတာဟာ နာဂစ်လေဘေးကာလတုန်းက နိုင်ငံတကာ ဘာသာရေးအသင်းအဖွဲ့တွေက အာဏာပိုင်တွေဆီအလှူငွေမပေးဘဲ ဒီဝတ်ပြုဆုတောင်းအသင်းတွေကတဆင့် အလှူငွေတွေလှူဒါန်းခဲ့တာကြောင့်ဖြစ်မယ်လို့ လူမှုရေးလုပ်ငန်းတွေဆောင်ရွက်နေတဲ့ ခရစ်ယာန်လူငယ်ခေါင်းဆောင်တဦးက ပြောပါတယ်။

"နာဂစ်အရေးအခင်းမှာ နိုင်ငံတကာအကူအညီတွေက အစိုးရကိုတိုက်ရိုက်မလှူဘူး၊ ယူအဲန်ကိုလည်းမလှူဘူး၊ သူတို့ကိုယ်တိုင်ချိတ်ဆက်တဲ့ မြန်မာပြည်ကက်သိုလစ်သာသနာပိုင်တွေ၊ နှစ်ခြင်းသာသနာပိုင်တွေကနေတဆင့်လှူတယ်၊ သူတို့က ငွေအားနဲ့ကူညီတယ်၊ ကျနော်တို့ခရစ်ယာန်အသင်းတွေက လူအားနဲ့ပေါ့လေ၊ ရောဝတီတိုင်းဒေသကိုကွင်းဆင်းပြီးတော့အကူအညီပေးတာ မနာလိုတာတွေလည်းပါတယ်လို့ ကျနော်တို့ထင်တယ်"

နာဂစ်လေဘေးမှာ အာဏာပိုင်တွေထက် ဘာသာရေးအဖွဲ့အစည်းတွေက လေဘေးသင့်ပြည်သူတွေကို ပိုပြီးထိထိရောက်ရောက်ကူညီပေးနိုင်တဲ့အပေါ် အာဏာပိုင်တွေကအငြိုးထားပြီး ဒီအသင်းတွေကိုပိတ်ပစ်ခိုင်းတာလို့လည်းပြောပါတယ်။

"ဘာဖြစ်လို့လဲဆိုတော့ ဘာသာခြားတွေတောင်လာကူညီပေးတယ်၊ ဖြတ်စားလာဘ်စားလည်းမလုပ်ဘူး၊ သက်ဆိုင်ရာအာဏာပိုင်တွေက ဖြတ်စားလာဘ်စားလုပ်တယ်ဆိုပြီး လူထုကိုယ်တိုင်က အသံထွက်လာတယ်လေ"

နအဖအာဏာပိုင်တွေဟာ နာဂစ်ကာလအတွင်း လေဘေးသင့်ပြည်သူတွေကိုကူညီခဲ့တဲ့ လူရွှင်တော်ဇာဂနာ၊ စာနယ်ဇင်းဆရာ ကိုဇော်သက်ထွေး အပါအဝင် လူမှုရေးလုပ်ငန်းဆောင်ရွက်ခဲ့သူတွေကို နှစ်ရှည်ထောင်ဒဏ်တွေချမှတ်ခဲ့ပါတယ်။ လေဘေးဒုက္ခသည်တွေကိုအကူအညီတွေပေးခဲ့တဲ့ ခရစ်ယာန်ဝတ်ပြုအသင်းတွေကိုလည်း စတင်နှိပ်ကွပ်လာတာဖြစ်နိုင်တယ်လို့ ခရစ်ယာန်တချို့ကယူဆနေကြပါတယ်။

---

# ထောင်တွင်းနှိပ်စက်မှုကြောင့် ကိုယ်ဝန်ပျက်ကျ

**DVB ၊ ဂျန်နဝါရီ ၂၁ ။** ။ မန္တလေးအိုးဘိုထောင်တွင် ထောင်ဒဏ် ၂၆ နှစ်ချခံထားရတဲ့ နိုင်ငံရေးအကျဉ်းသူ မကေသီအောင်ဟာ အာဟာရချို့တဲ့မှုကြောင့် ကိုယ်ဝန်ပျက်ကျသွားတယ်လို့ သိရပါတယ်။

အသက် ၂၃ နှစ်အရွယ်ရှိပြီး ကိုယ်ဝန် ၃ လရှိနေတဲ့ မကေသီအောင်ဟာ ကိုယ်ဝန်ပျက်ကျပြီး နှလုံးရောဂါစတင်စွဲကပ်နေပြီလို့ ဒီနေ့မနက်ပိုင်း ထောင်ဝင်စာသွားရောက်တွေ့ဆုံခဲ့တဲ့ မိခင်ဖြစ်သူ ဒေါ်သီတာအောင်ကပြောပါတယ်။

နအဖစစ်အုပ်စုအနေနဲ့ လက်ရှိ အကျဉ်းထောင်တွေထဲမှာရောက်ရှိနေကြတဲ့ နိုင်ငံရေးအကျဉ်းသားတွေရဲ့ပကတိအခြေအနေကို တရားဝင်သတင်းထုတ်ပြန်ပေးဖို့လိုအပ်တယ်လို့လည်း ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း အေအေပီပီဘီရဲ့ တွဲဘက်အတွင်းရေးမှူး ကိုဘိုကြည်ကပြောပါတယ်။

"နအဖအနေနဲ့ ထောင်ပြောင်းတော့မယ်ဆိုရင် ထောင်မပြောင်းခင်ကတည်းက သက်ဆိုင်ရာအကျဉ်းသားကိုပဲဖြစ်ဖြစ်၊ သူ့မိသားစုကိုပဲဖြစ်ဖြစ် တနည်းနည်းနဲ့ တရားဝင်အကြောင်းကြားဖို့လိုပါမယ်၊ နိုင်ငံရေးအကျဉ်းသားတွေရဲ့ ထောင်တွင်းအခြေအနေ တနေ့တခြား ပိုပြီးဆိုးရွားလာတဲ့အနေအထားမျိုးကိုတွေ့နေရတယ်၊ တချို့လူတွေလည်း အသက်ဆုံးရှုံးသွားနိုင်တဲ့အနေအထားမျိုးကိုတွေ့နေရတယ်၊ ဒါကြောင့်မို့လို့ နအဖအနေနဲ့ အရာရာကို ပွင့်လင်းထင်သာစွာလုပ်မယ်ဆိုရင်တော့ အကောင်းဆုံးဖြစ်ပါလိမ့်မယ်"

နအဖစစ်အုပ်စုက ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေး သံဃာ့လှုပ်ရှားမှုကိုဦးဆောင်မှုနဲ့ အရှင်ဂမ္ဘီရကို ထောင်ဒဏ် ၆၉ နှစ် အပြစ်ပေးထားတာဖြစ်ပြီး နိုင်ငံရေးအကျဉ်းသူ မကေသီအောင်ကိုတော့ ခင်ပွန်းဖြစ်သူ အထက်ဗမာပြည် ဗကသကျောင်းသား ကိုထွန်းထွန်းကိုမဖမ်းမိတဲ့အတွက် ဓားစာခံအဖြစ်ဖမ်းဆီးခဲ့ကာ ထောင်ဒဏ် ၂၆နှစ် အပြစ်ပေးခဲ့တာလည်းဖြစ်ပါတယ်။

---

# စစ်တွေတွင် လုံခြုံရေးထူထပ်စွာချထား

**NEJ ၊ ဂျန်နဝါရီ ၂၁ ။** ။ စစ်တွေမြို့တွင် လုံခြုံရေးထူထပ်စွာချထားပြီး ညနေ ၆ နာရီနောက်ပိုင်း ပြင်ပမှကားများအား မြို့တွင်းသို့ဝင်ခွင့်မပြုဘဲ နောက်နေ့မနက်မှသာဝင်ခွင့်ပြုကြောင်း ဒေသခံများကပြောပါတယ်။

"လုံခြုံရေးတွေချထားတာက ဗိုလ်ချုပ်ကြီးမောင်အေးမလာခင်ကတည်းကပဲ၊ အခုထိလည်းချထားတုန်းပဲ၊ လုံထိန်းတွေတပ်တွေ အများကြီးပဲ" ဟု ဒေသခံတဦးကပြောပါတယ်။

စစ်တွေမြို့ကိုဝင်ရောက်ရာနေရာများတွင် မှတ်ပုံတင်စစ်ဆေးခြင်း မသင်္ကာသူများကိုစစ်မေးခြင်းများပြုလုပ်နေပြီး သံဃာနှင့် ကျောင်းသားအရွယ်လူငယ်များအား ပိုမိုစစ်ဆေးနေကြောင်း သိရပါတယ်။

"ဘုန်းကြီးတို့ကိုလည်းမေးတာပေါ့၊ ဘယ်ကကြွလာတာလဲ၊ ဘယ်ကျောင်းတိုက်ကလဲ ဘယ်နှစ်ရက်ကြာမှာလဲ စသည်ဖြင့်ပေါ့၊ စစ်တွေလေဆိပ် မှာ ဒါမျိုးမေးတာ ဒီတခါပဲကြုံဘူးသေးတယ်၊ တခြားသူတွေလည်း လေဆိပ်မှာ တောင်ဒီလိုစစ်မေးမှုတွေလုပ်လာတော့ အရမ်းအံ့အားသင့်နေကြတာပေါ့" ဟု စစ်တွေမြို့သို့ကြွမြန်းခဲ့သောသံဃာတပါးကမိန့်ပါတယ်။

စစ်တွေမြို့ အထင်ကရနေရာများဖြစ်သည့် ဦးရဲကျော်သူကျောင်း၊ ပြည်လုံးချမ်းသာဘုရား၊ လောကနန္ဒဘုရား၊ စစ်တွေပို့ဆိပ်၊ ဦးဥတ္တမပန်းခြံ ဝင်္ကပါကွင်းများတွင်လည်း လုံခြုံရေးယူထားခြင်းကြောင့် ဒေသခံများသွားလာရာတွင် လွတ်လပ်မှုမရှိဟုခံစားနေကြရကြောင်း ၎င်းတို့ကဆိုပါတယ်။

---

# ပါရမီတက္ကစီ အငြိမ်းစားစစ်တပ်အရာရှိတွေကိုသာရောင်းမည်

**NEJ ၊ ဂျန်နဝါရီ ၂၂ ။** ။ စစ်တပ်ပိုင် မြန်မာ့စီးပွားရေးဦးပိုင်အောက်ရှိ ပါရမီကုမ္ပဏီအတွက် တက္ကစီကားအသစ် အစီး ၉၀ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ရောက်လာရာ ရောင်းချပေးမည့်သူများမှာ အငြိမ်းစားစစ်အရာရှိများသာဖြစ်သည့်အတွက် အမှန်တကယ်သုံးလိုသူများ မကျေမနပ်ဖြစ်နေသည်ဟု စုံစမ်းသိရှိရပါတယ်။

အဆိုပါတက္ကစီကားအစီး ၉၀ ကို အငြိမ်းစားဗိုလ်မှူးကြီးများနှင့် ဗိုလ်မှူးချုပ်များကိုသာရောင်းချပေးမည်ဆိုသည့်အတွက် တက္ကစီဝယ်လိုသူများ မကျေနပ်ခြင်းဖြစ်သည်ဟု မြန်မာ့စီးပွားရေးဦးပိုင်အရာရှိတဦးကပြောပါတယ်။ သို့သော် ပါရမီတက္ကစီများမှလွဲ၍ ရန်ကုန်မှအရပ်သားတက္ကစီသမားများမှာမူ လုပ်ကိုင်ရအဆင်မပြေကြောင်း တက္ကစီပိုင်ရှင်တဦးကပြောပါတယ်။

လောလော။ယ် ရန်ကုန်တက္ကစီများကို ငွေ ၂ သိန်းအကုန်ခံပြီး မီတာများတပ်ဆင်ထားသော်လည်း ခရီးသည်များမှာ မီတာဖြင့်စီးပါက ဈေးပိုပေးရသည်ဟုယူဆသည့်အတွက် ပုတ်ပြတ်ဈေးဖြင့်သာပေးကြပါတယ်။ တက္ကစီပိုင်ရှင်များအနေဖြင့် တနှစ်ကို ဝင်ငွေခွန်နှင့် ပြေးဆွဲချိန်အဖြစ် အမြတ်တော်ကြေး ကျပ် ၃ သိန်း အစိုးရကိုပေးနေရသည်ဟုလည်း စုံစမ်းသိရပါတယ်။

**မောင်ပုညမှ**

လိုအပ်တာတွေဖြည့်ဆည်းရေးနဲ့သွားနေရတော့ တစ်၊ နှစ်၊ သုံးအနေနဲ့ စင်္ကာပူတို့၊ ထိုင်ဝမ်တို့ ရှေ့ဆုံးတန်းကပေါ့ကွယ်၊ ပြီးတော့ TV တွေမှာ ကျောင်းစာတွေကိုအထောက်အကူပြုတဲ့ အင်္ဂလိပ်စာ၊ သင်္ချာစာလုံးပေါင်းတွေကိုလည်း ဉာဏ်စမ်းတွေမေးကြပါတယ်”

‘နောက်တခုကတော့ဆရာ၊ နိုင်ငံရေးသမားတွေမဟုတ်တဲ့ ဓါတုဗေဒပညာရှင် နိုဘဲလ်ဆုရှင် “စတီဗင်ချူး” (Steven Chu) ကို စွမ်းအင်ဝန်ကြီးအဖြစ်လည်းကောင်း၊ ဩစတြေးလျားနိုင်ငံ၊ “တပ်စမေးနီးယား” ဇာတိ၊ ကာယဆရာမနဲ့အိမ်ထောင်ကျတဲ့ “ဘတ်စ်ကက်ဘော” ဆရာ၊ ကျောင်းများဆိုင်ရာအရာရှိချုပ် အာနီးဒွန်ကင် (Arne Duncan) ကိုလည်း ပညာရေးဝန်ကြီးအဖြစ်လည်းကောင်း ဘရတ်အိုဘားမားကရွေးတော့ ဩစတြေးလျားက သိပ်ကိုဝမ်းသာနေကြတယ်ဆရာ’

“ဟုတ်တာပေါ့မောင်ချစ်ဖူး၊ ‘အာနီး’ က ကင်ဘာရာမှာကြီးပြင်းလာတယ်၊ ဩစတြေးလျားပညာရေးဝန်ကြီး ဂျူလီယာတို့နဲ့ကလည်း ရင်းနှီးတာကိုးကွယ်”

‘ပညာရေးနဲ့လူ့အဖွဲ့အစည်းကို ဆရာနားလည်သလောက်သိပါရစေ’

“အင်းပေါ့လေ၊ ‘လင်ကွန်း၊ စတာလင်၊ မော်စီတုံး’ တို့က ခုလို ‘ဟားဘတ်’ တို့၊ ‘အောက်စဖို့ဒ်’ တို့က ကျောင်းထွက်တော့မဟုတ်ဘူးပေါ့ကွယ်၊ ဒါပေမင့် သူတို့လုပ်ခဲ့ကိုင်ခဲ့တာတွေ၊ ပြောခဲ့ဆိုခဲ့တာတွေကတော့ ခုခေတ်လူတွေအဖို့ပါ လမ်းတွေဖြစ်နေပါတယ်၊ လင်ကွန်းက ကျွန်ပိုင်ရှင်စနစ်နဲ့ အမေရိကန်ပြည်တွင်းစစ်ကို ပြီးအောင်လုပ်ခဲ့တယ်၊ စတာလင်က ဒုတိယကမ္ဘာစစ်ကိုအနိုင်ရစေခဲ့တယ်၊ မော်စီတုံးက ဥာဏ်မြူးပြားသောတရုတ်တွေကို လွှတ်မြောက်စေခဲ့ပါတယ်”

‘ဟုတ်ကဲ့ဆရာ၊ ပြောပါ’

“အရေးကြီးတာက ‘ကွန်ဖြူးရှပ်’ နဲ့ ‘ရွှေမျဉ်းဓမ္မသတ်ကျမ်း’ မှာပါတဲ့အချက်များအနက်က အောက်ပါအချက်တွေကိုတော့ လူတိုင်းလေးနက်စေသင့်တယ်ပေါ့ကွယ်”

‘ပြောပါဆရာ၊ သိပါရစေ’

“ဆင်ခြင်တွေးတောခြင်းမရှိသောစာပေသင်ကြားခြင်းသည် ‘အလဟဿ’ အင်အားကိုဖြုန်းတီးမှုပင်ဖြစ်သည်၊ မဖတ်မသင်ဘဲနှင့်တွေးတောခြင်းကားအလွန်ကြောက်မက်ဖွယ်ကောင်းလှ၏”

“အဓိပ္ပါယ်ပေါ်လွင်ထင်ရှားအောင်ပြောဆိုတတ်သောအရည်အချင်းကားများစွာလိုလားအပ်သောအရာဖြစ်၏”

“ယုတ်ညံ့သောသူသည် အုပ်ချုပ်သောလုပ်ငန်းနှင့်မသင့်လျော်ချေ”

**ဒုဗိုလ်မှူးကြီးအေးမြင့်မှ**

DMT ပဲညီငယ်ရ။ အာဏာရှူး၊ နှာဘူး၊ မြင်းသမားကြီးဗိုလ်နေဝင်းရော၊ ဖားတပိုင်းငါးတပိုင်းစစ်ဗိုလ် ဗိုလ်အောင်ကြီးပါ တပ်မတော်ရဲ့စစ်စွမ်းရည်မြင့်မားမှုအတွက် လေ့ကျင့်ရေးဟာ ပဓါနကျ၊ အရေးပါတယ်ဆိုတာကို ဗိုလ်မှူးချုပ်မောင်မောင်လောက် ခံယူကျင့်သုံးတတ်သူများမဟုတ်ကြပါဘူး။

ဗိုလ်မှူးချုပ်မောင်မောင်က ဆေးကျောင်းသားဟောင်း၊ တကဲ့ပညာတတ်စာအလွန်ဖတ်တဲ့ပုဂ္ဂိုလ်တဦးဖြစ်ပါတယ်။ သူ့ရဲ့ထက်မြက်တဲ့အရည်အသွေးက တပ်မတော်စစ်လေ့ကျင့်ရေးအခန်းကဏ္ဍကို မြင့်မားတိုးတက်စေခဲ့တာအမှန်ပါ။ တခုတည်းသောစစ်တက္ကသိုလ်ပေါ်ထွန်းခဲ့သလို လေထီးသင်တန်းကျောင်းပေါ်ထွန်းခဲ့ရတာဟာလည်း ဗိုလ်မှူးချုပ်မောင်မောင်ရဲ့ကျေးဇူးကြောင့်လို့ရေးရင်များမယ်မထင်ပါ။ ရဲဘော်သုံးကျိပ်ဝင်များထဲမှာ လေ့ကျင့်ရေးအရေးပါပုံကိုသိသူဟာ ဗိုလ်မှူးချုပ်ကျော်ဇောဘဲကွဲ့။ BDA ခေတ် စံပြတပ်ရင်းကိုဦးစီးကွပ်ကဲလေ့ကျင့်ပေးခဲ့တဲ့သမိုင်းစဉ်ကို လေ့လာကြည့်ပါ။ အယူဝါဒမတူ၊ ဆိုရှယ်လစ်နွယ်ဝင် ဗိုလ်မှူးချုပ်မောင်မောင်ဟာ “စံပြတပ်ရင်း” လေ့ကျင့်မှုကို စိတ်ဝင်တစားသင်ယူမှတ်သားခဲ့သူဖြစ်ပါတယ်။

မနေ့ကတပ်မတော်မှာ ဗိုလ်မှူးကြီးသူရထွန်းတင်၊ ဗိုလ်မှူးကြီးထွန်းအောင်ကျော်၊ ဗိုလ်မှူးကြီးခင်မောင်တင့်၊ ဗိုလ်မှူးကြီးလှမော် စတဲ့ DMT များဟာလည်း ဗိုလ်မှူးချုပ်မောင်မောင်ရဲ့နောက်မှာ ထူးခြားတဲ့ပုဂ္ဂိုလ်များလို့ ဆိုရပါမယ်။ စစ်တက္ကသိုလ်စတင်ဖွင့်လှစ်စက လက္ခပတ်အင်းတိတ်တခုကို ၁၃၀ ဝန်းကျင်နှင့် သင်ရိုးညွှန်းတမ်းအရ၊ အခြားနိုင်ငံခြားစစ်တက္ကသိုလ်များနဲ့ယှဉ်နိုင်ရန် သင်တန်းကာလကို ၄ နှစ်သတ်မှတ်ခဲ့ပါတယ်။ “အရည်အတွက်မှ အရည်အချင်းသို့” မူဝါဒနဲ့ပါကိုက်ညီစေရန်လို့ နားလည်သဘောပေါက်ပါတယ်။

နဝတတဖြစ်လဲ နအဖဇရာအိုဦးစီးချုပ် ပြုတ်မနူးက “အရည်အချင်းမှ အရည်အတွက်သို့” ဦးတည်ကာ သင်တန်းကာလကို ၄ နှစ်မှ ၃ နှစ်သို့ပြောင်းလဲခဲ့သလို အမှတ်စဉ် ၄၅ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင် ဗိုလ်လောင်းအင် အား ၉၅၂၊ ၂၀၀၁ ခုနှစ် အမှတ်စဉ် ၄၆ တွင် ဗိုလ်လောင်းအင်အား ၂၀၀၁ ယောက်၊ ၂၀၀၇ ခုနှစ် အမှတ်စဉ် ၅၁ မှာ ဗိုလ်လောင်းအင်အား ၃၅၀၀ ယောက် အထိ တိုးမြှင့်ခေါ်ယူ လေ့ကျင့်ပေးလျက်ရှိကြောင်း၊ ညီငယ်မောင်သန့်ဇင်ပြုစုတဲ့ စာအုပ်၊ စာမျက်နှာ ၄၁၈–၄၁၉ တို့တွင် လေ့လာမှတ်သား ဖတ်ရှုခဲ့ရပါတယ်။

ဘုရင်ရူး၊ ပြုတ်မနူး၊ ဇရာအိုစစ်ဦးစီးချုပ်၊ ဗိုလ်ယုတ်ရူးကြီးရဲ့လုပ်စားပုံကို ကျနော်တော့ နားမလည်နိုင်ပါ။ မမိဘူးလို့သာ ရိုးသားစွာဝန်ခံလိုပါတယ်။ ဒီလုပ်ရပ်အပေါ် ရောင်းရင်းဟောင်းကိုအေး DSA-1 ကပါ ကြံရာပါဖြစ်နေသလားဗျာ။ တခုခုတော့ မှားနေပြီထင်တာပဲ။ ဒီအတိုင်းဆိုလျှင် West Point ယှဉ်နိုင်ပ့ါမလား။ ဒုဗိုလ်ယုတ်ကြီးတွေ ချီးပေါ သေးပေါ ပုံးပေါလအောအရည်အတွက်များသလို အောင်စစ်သည်ဗိုလ်လောင်းတွေ “အရည်အချင်းမှ အရေအတွက်” များလာမှာကိုသာ တွေးလို့ပူမိပါတယ်။

**နေလင်းမှ**

ပြည်တွင်းအတွက် ဘာတွေလုပ်ပေးသင့်တယ်၊ ဘာတွေလုပ်ပေး နိုင်မယ်ဆိုပြီး ဆွေးနွေးနိုင်မယ်၊ ဆုံးဖြတ်နိုင်မယ်လို့ အားထားခဲ့ကြပါတယ်။ ဒါ ကြောင့် အင်တာနက်ကလည်းမပေါ်သေး၊ ရေဒီယိုကိုဘဲ ပြည်တွင်းကကြားရအောင်လွှင့်ပေးတဲ့သတင်းလက်နက်အဖြစ်ယူဆတာရယ်၊ ရေဒီယိုသတင်းတွေကိုလည်း ပြည်ပမှာနားမထောင်နိုင်ကြတဲ့အတွက် ထိုင်းနိုင်ငံကနေကောက်နုတ်ထုတ်ဝေခဲ့တဲ့ Radio Burma ဆိုတဲ့စာစောင်ကို အားပေးဖတ်ရှုခဲ့၊ ဖြန့်ဝေခဲ့ကြပါတယ်။ နောက်တော့ ဒီစာစောင်က အကြောင်းအမျိုးမျိုးနဲ့ရပ်သွားတော့ ရေဒီယိုသတင်းတွေမရလို့မဖြစ်ဘူး၊ ဒါက ပြည်တွင်းနဲ့ပြည်ပရဲ့ ဆက်သွယ်ရေးလည်းဖြစ်တယ်ဆိုပြီး Radio Burma အစား Voice of Burma ကို မိတ်ဆွေတစု ထုတ်ဝေဖြန့်ချိခဲ့ကြပါတယ်။ ချမ်းချမ်းစီးစီး နေ့တွေညတွေမှာ တိုက်ခေါင်မိုးပေါ်တက် ရေဒီယိုတိုင်နဲ့အသံဖမ်း၊ သတင်းတွေကို စာစောင်အဖြစ် ခက်ခက်ခဲခဲပြန်ရိုက်၊ ကမ္ဘာအနှံ့ဖြန့်ဝေခဲ့၊ တချို့သတင်းတွေဆို ကြားတချက် မကြား တချက်၊ ဒီခေတ်လို အင်တာနက်ကနားထောင်နိုင်တဲ့ခေတ်မဟုတ်တာ၊ သိသင့် တာထည့်၊ မသိသင့်တဲ့တချို့ စာစောင်မှာမထည့်သင့်လို့ မထည့်ခဲ့ကြပါဘူး။

ဒါပေမဲ့ အခုလို အင်တာနက်ကတဆင့် ကောင်းကောင်းကြားလာရ တော့ ရေဒီယိုအမျိုးမျိုးကထုတ်လွှင့်နေတဲ့ ပြည်တွင်းကပြောတာတွေ၊ ပြည်ပကပြောတာတွေ၊ ရေဒီယိုကလွှင့်တဲ့သူတွေရဲ့ မေးတာ ပြောတာတွေ၊ အာဘော်တွေမျိုးစုံကိုကြားရတော့ တချိန်တုန်းကယူဆခဲ့တဲ့ ရေဒီယိုရဲ့သတင်းပြန်ကြားရေးလက်နက်ဟာ အကောင်းအတွက်လား၊ အဆိုးအတွက်လားဆိုတာ သံသယဖြစ်လာမိတဲ့အကြောင်းရေးမိပြန်ရင် ကောင်းပ့ါမလား။ (တချို့သူတွေ ရေဒီယိုနားထောင်ချင်လာအောင်၊ ပိုသိ၊ ပိုနားလည်လာအောင်ကြိုးစားနေသူတွေကို မဆိုလိုပါ၊ ကျေးဇူးလည်းတင်မိပါတယ်၊ ရေဒီယိုတွေကောင်းရင် ပြည်သူတွေလည်းနားလည်မှာပါ)

# ဘယ်လိုပြောင်းလဲမှာလဲ ဗမာပြည်

နေမင်း

ဗမာပြည်မှာ လူမဆန်လွန်းပြီး မဟုတ်မတရားမှုပေါင်းများစွာကို ဦးဆောင်လုပ်နေတဲ့အာဏာရူးစနစ်ဖယ်ရှားနိုင်ဘို့၊ လူသားဆန်တဲ့သူတွေကဦးဆောင်တဲ့ပြည်သူလူထုနဲ့ တိုင်းပြည်ကိုကောင်းကျိုးပြုမယ့်၊ အလုပ်အကျွေးပြု မယ့်၊ တာဝန်ကျေပွန်မယ့်စနစ်တခုပေါ်ပေါက်ရေးအတွက် အမှန်တကယ်ကြိုးစားလုပ်ဆောင်သူတွေလှုပ်ရှားလာခဲ့ကြတာ ၈ လေးလုံးကရေတွက်ရင်တောင် နှစ်ပေါင်း ၂၀ ကျော်လာပါပြီ။ စစ်အာဏာရူးစနစ်ပေါ်ပေါက်လာခဲ့တာက ၄၇ နှစ်ပြည့်ပါတော့မယ်။ ဒီလိုနဲ့ လုပ်ဆောင်လာကြရင်းနဲ့ အာဏာရူးစနစ်ကိုသာ အပြီးအပိုင်မဖြိုလှဲနိုင်ကြသေးတယ်၊ ဘဝတွေပေးဆပ်ခဲ့ကြတာ၊ ရေးစရာ ပြောစရာပြဿနာပေါင်းက ထောင်သောင်းမကပါဘဲ။ ဒီကြားထဲမှာ မတို့မထိရဲ မရေးမသားရဲ၊ မပြောမဆိုရဲသေးတဲ့ကိစ္စတွေကလည်း များစွာရှိနေကြပါသေးတယ်။ ဒီလိုရေးရင်ဘဲ မကောင်းဘူးလို့မြင်တဲ့သူတွေက အများစုကြီးပါဘဲ။ (တကယ်ရေးစရာမလိုခဲ့ရင် အကောင်းဆုံးပါဘဲ) ဒီလိုနဲ့ အောင့်အီးသည်းခံလာခဲ့ကြတာ၊ မပြုပြင်ခဲ့ကြတာ၊ ဘာမဟုတ်တာတွေနဲ့ ရောင့်ရဲကျေပြလာခဲ့ကြတာ၊ ရေစုန်မျှောလာခဲ့ကြတာ၊ အဓိကနဲ့သာမညကိုမခွဲခြားနိုင်ခဲ့ကြတာ၊ ပညာသားပါတဲ့နိုင်ငံရေးကွက်ကိုမထုတ်ဖော်နိုင်ခဲ့ကြတာ၊ တိုင်းပြည်ဒီမိုကရေစီရချင်လို့လုပ်နေကြတာလို့ပုံမပေါ်တော့ဘဲ အာဏာကိုပိုင်းလုချင်လို့၊ အာဏာရူးတွေနဲ့ အာဏာရူးတဲ့အတိုက်အခံတွေနဲ့ (နအဖသတင်းစာတွေလိုဘဲ) အာဏာရူးရင်း တိုင်းပြည်နဲ့ ကြားကပြည်သူတွေ ဒုက္ခပင်လယ်ဝေနေရသယောင်ယောင် ပုံဖော်ထုတ်လွှင့်နေကြတဲ့ (တကယ်လဲဒုက္ခရောက်နေကြရတာတွေ၊ ရင်ထုမနာ အများကြီးကြားနေကြရတဲ့) ပြည်ပကလွှင့်ထုတ်တဲ့ရေဒီယိုတွေရဲ့ အနှစ်နှစ်အလလကာစ (လခယူ) ထုတ်လွှင့်ပေးမှုတွေကြောင့် ဗမာပြည်ရေးရာကိစ္စကလည်း လုံးလည်လိုက်လာသလိုပါဘဲ။ (ဗမာပြည် တကယ်ဒီမိုကရေစီရရှိရေး၊ ပြည်သူတွေဖိနှိပ်ခံနေရတာကို ပြည်သူတွေတကယ်သိအောင် အချိန်ပြည့်ကူညီနေတာမျိုးဆိုရင်တော့ လခယူလုပ်သင့်ပါတယ်)

အဲဒီလို မတို့ရဲ မထိရဲ မရေးရဲတဲ့ကိစ္စတွေ ရေးသားဖော်ပြမိပြန်တော့ သူတို့ရေဒီယိုတွေကြရင်တော့ သတင်းအမှန်မို့ ထုတ်လွှင့်ရမှာဘဲ၊ ကောင်းတာရော၊ မကောင်းတာရောပါမှာဘဲဆိုတဲ့ သတင်းလွတ်လပ်ခွင့်နဲ့ (ပြည်တွင်းကကြားနေကြရမယ့်ပြည်သူတွေကို စိတ်ဓါတ်တက်ကြွစေသလား၊ စိတ်ဓါတ်ကျစေသလားဆိုတာကို အာဏာရူးစနစ်ပပျောက်ရေး ဒို့မှာလည်းတာဝန်ရှိတယ်လို့ ဗမာပြည်သားတယောက်အနေနဲ့မမြင်ဘဲ) လွတ်လွတ်လပ်လပ်ထုတ်လွှင့်ပိုင်ခွင့်ရှိတယ်ဆိုပြီး သတင်းထူး၊ သတင်းဦးရအောင်လွှင့်လာလိုက်ကြတာ ရေဒီယိုတွေသာမက ရုပ်မြင်သံကြားတွေပါလွှင့်ပြီး လုပ်ငန်းတွေချဲ့ထွင်ကြရတော့ မယ့် ရေရှည်စီးပွါးရေးလုပ်ငန်းတွေအဆင့်ရောက်ပါတော့မယ်။ (တချို့လည်း အဆင့်မြင့်နေကြပါပြီ) နိုင်ငံတကာအဆင့်အတန်းမီ ကြေးစားမီဒီယာလုပ်ငန်းကြီးတွေနဲ့ တူလာတာပေ့ါလေ။

ဒီနေရာမှာ ခက်တာက တချို့ကိစ္စတွေက လွှင့်ခက်၊ မလွှင့်ခက်၊ လုပ် ခက်၊ မလုပ်ခက်၊ ရေးခက်၊ မရေးခက်ဆိုတဲ့ ဆုံးဖြတ်ရခက်တဲ့ကိစ္စတွေကလည်း ရှိပါတယ်။ ဆိုပါတော့ စာရေးသူကိုယ်တိုင်ကစ ပြီးခဲ့တဲ့ ၁၀ နှစ်ကျော်ကတည်းက တကယ်ဖြစ်နေတာ၊ မြင်နေတာ၊ နောက်ဖြစ်မှာတွေရေးချင်တယ်။ (ပြည်တွင်းကကြားရအောင်လွှင့်တဲ့ရေဒီယိုကလွှင့်နေတာလောက်တော့ မဆိုးဘူးလို့လည်းယူဆပါတယ်) ဒီလိုနဲ့ VOB မှာ "ဒို့ခေတ်ရောက်မှည့်ကြတော့မလား" ဆိုတဲ့ အခန်းဆက်ဆောင်းပါးကို စရေးခဲ့တယ်။ ဒါပေမဲ့ ရေးသင့်ပြီလား၊ မရေးသင့်သေးဘူးလား တွေဝေပြီး ဟိုလှည့်ရေး၊ ဒီလှည့်ရေးနဲ့ နောက်ဆုံးတော့ အဖျားရှူးသွားခဲ့တယ်။ တည့်တည့်မရေးခဲ့ရဲဘူး။ ဒီလိုနဲ့ ဒီနေ့ရောက်လာလည်း တည့်တည့်မရေးရဲသေးတာတွေရှိနေသေးတာဘဲ။ ဒါတောင် ဒီလောက် ဒီအကြောင်းအရေးခံရတဲ့သူတွေ တိုင်းပြည်နိုင်ငံရေးအာဏာယူလို့ အဲဒီတိုင်းပြည်မှာနေမိရင် စာရေးသူကို ဝေဖန်ရေးလုပ်မှုနဲ့ ကြိုးတိုက်ထဲပို့နိုင်ပါတယ်။ ဗိုလ်မှူးချုပ်ကောင်းရဲ့ နှစ်ပေါင်း ၂၀ ကျော်နိုင်ငံရေးလုပ်လိုက်တာ နောက်ဆုံး ကြိုးတိုက်ထဲရောက်နေရတယ်ဆိုတာလိုပေ့ါ။

ဒီလိုဘဲ ဒီလိုတွေရေးရတာ တကယ်တော့ မိတ်ပျက်ပါတယ်။ ဒါဆိုရင် မရေးကြတော့ဘဲ ပြည်ပမှာ ဒီလိုဘဲမှိန်းနေပြီး တော်လှန်ရေးကို ပြည်ပမှာလုပ်စားနေတဲ့ခေတ် တနေ့တခြားရောက်လာတာ၊ ပိုကျယ်ပြန့်လာတာ၊ ပိုကူးစက်လာတာ၊ လုပ်စားတဲ့သူတွေတိုးပွါးလာတာ၊ အယောင်ပြလုပ်နေကြတာ၊ ပုလင်းတူဗူးဆို့လိုဖြစ်နေကြတာကိုမထုတ်ဖော်ကြတော့ဘဲ နှစ်ပေါင်းရာထောင်တော်လှန်ရေးလိုလုပ်ပြီး ကိုယ်တိုင်မရှက်တတ်ကြတာကို ဖွဲ့ကောင်းတယ်လို့ဘဲ သံယောင်လိုက်ကြရတော့မှာပါလား။ ခက်တာက မရေးလည်းခက်၊ ရေးလည်းခက်၊ မလွှင့်လည်းခက်၊ လွှင့်လည်းခက်ဆိုတာလိုပေ့ါ။ ဥပမာ ဒီနေ့ခေတ်စားနေတဲ့ စင်ပြိုင်အစိုးရကိစ္စဆိုတာအပေါ်မှာ ပြဿနာပေ့ါ။ ရေဒီယိုတွေမှာ မကြာခနကြားနေရပါတယ်။ အင်တာနက်ထဲမှာလည်း အမျိုးမျိုးအဖုံဖုံပေ့ါ။ ရေဒီယိုတွေကလွှင့်တဲ့ပုံစံမှာတော့ တခါတလေ လွှင့်တဲ့သူက ကောင်းစေလိုလို့လွှင့်ရသလိုလို၊ ဆွေးနွေးရသလိုလို၊ မဖြစ်သင့်တာတွေဖြစ်မှာစိုးလို့ ကြိုတင်သတိပေးရသလိုလိုပေ့ါ။ တခါတရံကြတော့ တဘက်ဘက်ကိုပင့်ပေးနေသလိုလိုပါဘဲ။ (မီးစတဘက် ရေမှုတ်တဘက်လို့ ပြောလို့ရမယ်ထင်ပါတယ်) စင်တင်နိုင်ငံရေးဖြစ်အောင်လုပ် ပြီး ပြည်တွင်းကစွန့်စားသူတွေရဲ့အသက်တွေ၊ ဘဝတွေနဲ့ရင်းပြီးလွှင့်လာခဲ့တာကြာပြီဆိုတော့ ဒီလိုဘဲရှိမှာပါဘဲ။ (တကယ်တော့ ပြည်တွင်းကကြားလောက်အောင် ကျယ်ကျယ်ပြန့်ပြန့်မလွှင့်သင့်၊ မဆွေးနွေးသင့်ဘူးလို့ဘဲ စာရေးသူကတော့ထင်ပါတယ်။ ကြားရတဲ့ပြည်သူတွေကြားမှာ စိတ်အားတက်စရာထက် စိတ်ပျက်စရာသာဖြစ်မှာပါ။ ပြည်တွင်းကိုအကူအညီပေးတာထက် အားပျက်အောင်လုပ်နေသလိုဘဲလို့ ယူဆပါတယ်)

တကယ်တော့ ဒီစင်ပြိုင်အစိုးရကိစ္စက နှစ်ပေါင်းများစွာ ကြိမ်မီးတအုံးအုံးနဲ့ဖြစ်နေကြရတဲ့၊ အများသူငါရှေ့မှာမပြောဘဲနဲ့ ကြိတ်ဆွေးနွေးနေကြရတဲ့ ပြဿနာပါ။ အားမလိုအားမရမှုတွေနဲ့ ဒီလိုဘဲ ဝေ့ဝိုက်ပြောလိုက်၊ တည့်တည့်ပြောလိုက်ဖြစ်နေကြရတာဘဲ။ တချို့ကဝေဖန်သလို၊ တချို့က အားပေးအားမြှောက်လုပ်တာတွေလည်းရှိတာပေ့ါ။ (ရေဒီယိုတွေကတောင် တခါတခါလွှင့်တတ်ပါသေးတယ်၊ ဝေဖန်တဲ့ ပေးစာ ပြန်စာတွေကြားဘူးသလို၊ အားပေးအားမြှောက်လုပ်ပြီးလွှင့်ပေးတာတွေလည်း ကြားခဲ့ဘူးပါတယ်) အဓိကပြဿနာကတော့ နှစ်ပေါင်းများစွာမပြင်ခဲ့တဲ့ပြဿနာပါ။ (ထိရောက်ပြတ်သားတာတွေ ဆုံးဖြတ်လုပ်ဘို့အချိန်လို့ ဒေါ်စုက အရာရာကိုသတိပေးနေပြီမဟုတ်လား၊ မလုပ် ရင် ပိုဆိုးလာမှာဘဲ) တကယ်တိုးတက်ထိရောက်အောင် ပြုပြင်ပြောင်းလဲမှု မလုပ်ခဲ့တော့၊ နောက်ပြီး ပြည်တွင်းကလည်း သူ့ဟာသူလုပ်ရင်း ဒီမိုကရေစီရမသွားဘဲ ပိုဆိုးလာပြန်ဆိုတော့၊ ကြာကြာရင်ထဲအောင့်ခဲ့ကြ၊ မျိုသိပ်နေကြရတာတွေက အံထွက်လာကြတာပါဘဲ။ တကယ်လည်းမပြောင်းလဲရင်၊ တိုးတက်တဲ့နည်းလမ်းတွေမရှာရင် ပိုပိုပေါက်ကွဲလာကြမှာပါဘဲ။ ဒီကြားထဲ အားပေးအားမြှောက်လုပ်နေတဲ့သူကလုပ်နေကြရင်၊ တာဝန်သိသိမလုပ်ကြရင် ဝေဖန်သူတွေကြားမှာ ပိုပြီးကွဲပြားသွားမှာဘဲ။ အဲဒီတော့ တိုးတက်ထိရောက်တာရှာဖွေလုပ်ဆောင်ရင်း ပြုပြင်ပြောင်းလဲသင့်တာကိုပြောင်းတာက ဒီအချိန်မှာ အကောင်းဆုံးပါဘဲ။ (ထိရောက်မှာတွေကိုရှာဖွေလုပ်ဆောင်ကြရင် ညီညွတ်မှုလည်းရနိုင်ပါသေးတယ်၊ ထိရောက်တာနဲ့ လူကြားကောင်းအောင်လုပ်တာ မခွဲခြားတတ်တာကတော့ တမျိုးပေ့ါ) ရေဒီယိုတွေကဝေဖန်ဆွေးနွေးလွှင့်ထုတ်တာတွေကိုလည်း ပြည်တွင်းကပြည်သူတွေကြားမှာ ပိုစိတ်ပျက်ဖွယ်မဖြစ်အောင်လုပ်သင့်ကြပါတယ်။

တချိန်တုန်းက စာရေးသူနဲ့မိတ်ဆွေတစုကြားမှာ ရေဒီယိုသတင်းတွေဟာ အရေးကြီးတယ်၊ သတင်းသိကြရမှ ပြည်ပကနေ

စာမျက်နှာ ၁၇ သို့

THE SAD PLIGHT OF MYANMAR
www.faxtoon.com
NO. 417, Jan 21 2008



# ဒေါ်စုအားချုပ်ပိုင်ခွင့် မေလကုန် ၆ နှစ်ပြည့်ပြီဟု ရှေ့နေဦးကြည်ဝင်းပြော

**NEJ၊ ဂျန်နဝါရီ ၂၁ ။** ။ ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်ချုပ် ပိုင်ခွင့်မှာ ၂၀၀၉ ခုနှစ် မေလ ၂၉ ရက်တွင် ၆ လသက်တမ်းကုန်ဆုံးပြီဖြစ်ကြောင်းနှင့် အယူခံအမှုမှာ အမှုအဖြစ်လက်ခံထားသည့်အဆင့်တွင်သာရှိနေသေးကြောင်း ဒေါ်အောင်ဆန်းစုကြည်၏ရှေ့နေ ဦးကြည်ဝင်းက ခေတ်ပြိုင်သို့ ပြောကြားပါတယ်။

ငင်းက "အခုဆိုရင် အကျယ်ချုပ်ကလွတ်ဖို့ လေးလသာသာလောက်ပဲလိုတော့တယ်လေ၊ ဒေါ်စုကိုသူတို့တားဆီးထားတဲ့အမိန့်က ၂၉ ရက် မေဆိုတော့ မေလ ၂၉ ရက်ဆိုရင် ကုန်ဆုံးပြီ၊ အဲဒီမှာ ၆ နှစ်ပြည့်ပြီ၊ ဒါ သူတို့တွက်ကိန်းနဲ့သူတို့ ချုပ်ပိုင်ခွင့်ရှိတယ်ဆိုပြီး သူတို့ဘာသာထားတာ၊ ကျနော်တို့တွက်ကိန်းကတော့ ၅ နှစ်ပဲ၊ အဲဒီတော့ ကောင်းပြီ ဒါက အငြင်းပွားစရာဖြစ်လာပြီဆိုတော့ လျှောက်လဲပေါ့၊ အဲဒီလျှောက်လဲမှုကို ဘယ်သူကဆုံးဖြတ်မှာလဲဆို တော့ တရားရုံးချုပ်လိုဟာမျိုးလည်းမရှိဘူးဗျ၊ ဆိုတော့ ၆ နှစ်လို့ပဲ ယူဆတဲ့ ပုဂ္ဂိုလ်ကပဲ ပြန်ပြီးတော့ဆုံးဖြတ်ရမယ့်သဘောဖြစ်နေတယ်" ဟု ဆိုပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အား ၂၀၀၃ ခုနှစ် ဒီပဲယင်းအရေးအခင်းအပြီး တွင် နအဖစစ်အုပ်စုက နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ဘေးအန္တရာယ်မှကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀ ခ ဖြင့် ထိန်းသိမ်းအရေးယူခဲ့ပါတယ်။ ထိုဥပဒေသည် ၁၉၇၅ ခုနှစ်ဥပဒေသတ်မှတ်ချက်အရ ၁ နှစ်အထိတားဆီးမှုပြုလုပ်နိုင်ကာ ဆက်လက်တားဆီးလိုပါက ဝန်ကြီးအဖွဲ့၏ခွင့်ပြုချက်ဖြင့် တကြိမ်လျှင် ရက် ၁၈၀ ထက်မပိုစေဘဲ စုစုပေါင်း ၃ နှစ်ထိခွင့်ပြုနိုင် ကြောင်း ပြဋ္ဌာန်းထားပါတယ်။ ငင်းနောက် ၁၉၉၁ ခုနှစ် န၀တလက်ထက်တွင် တကြိမ်လျှင် ၁ နှစ်ထက်မပိုစေဘဲ စုစုပေါင်း ၅ နှစ်ထိခွင့်ပြုနိုင်ကြောင်း ပြင်ဆင် ခဲ့ပါတယ်။ ထိုဥပဒေအရ နအဖက ဗဟိုအဖွဲ့၏တားဆီးခွင့် ၁ နှစ်၊ ဝန်ကြီးအဖွဲ့ ၏ခွင့်ပြုခွင့် ၅ နှစ် စုစုပေါင်း ၆ နှစ်ချမှတ်ခွင့်ရှိကြောင်းကိုင်စွဲထားကာ NLD က ဥပဒေတွင် စုစုပေါင်း ၅ နှစ်ဟု ပြဋ္ဌာန်းချက်ကိုထောက်ပြပါတယ်။

"အခုလိုအငြင်းပွားစရာတွေဖြစ်လာပြီဆိုတော့ အယူခံလျှောက်လဲရတာပေါ့၊ လျှောက်လဲတယ်ဆိုတာကိုက အမှန်တရားကိုသိချင်လို့၊ ကျနော်တို့ကလည်းတင်ပြမယ်၊ တဖက်ကလည်း ကျနော်ထင်တယ် ဗဟိုအဖွဲ့အတွက် များသောအားဖြင့်တော့ ရှေ့နေချုပ်ရုံးကလုပ်ပေးတာ၊ အဲဒီတော့ ကျနော်တို့နှစ်ဦးပြိုင်ပြောတာကို အစိုးရအဖွဲ့ကဆုံးဖြတ်ပေ့ါ၊ အခုဟာကတော့ အချိန်ဆွဲနေလို့ ပဲ လေးလကျန်တော့တယ်" ဟု ဦးကြည်ဝင်းကရှင်းလင်းပြောဆိုပါတယ်။

ဂျန်နဝါရီ ၁၂ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ငင်း၏ရှေ့နေအဖွဲ့ တွေ့ခွင့်ရခဲ့သည်ဟူသောသတင်းများထွက်ပေါ်ခဲ့ရာ မဟုတ်ပါကြောင်း ဦးကြည်ဝင်းကငြင်းဆိုပါတယ်။ သို့ရာတွင် တွေ့ဆုံနိုင်ရန် ဝန်ကြီးချုပ်ထံ မေတ္တာရပ်ခံစာတစောင်ကိုပေးပို့ထားကြောင်း သိရပါတယ်။

"ကျနော်တို့ ဂျန်နဝါရီ ၂၀ နေ့ကမှ ဒေါ်စုနဲ့တွေ့ခွင့်ရဘို့ ဝန်ကြီးချုပ်ဆီ မေတ္တာရပ်ခံစာပေးပို့ထားပါတယ်၊ သတင်းတပ်ဖွဲ့ကိုတင်ပြတော့ သူတို့ မှာခွင့်ပြုနိုင်ခြင်းမရှိပါဘူးဆိုတော့ ဝန်ကြီးချုပ်ဆီကိုပဲတင်လိုက်တယ်၊ တွေ့ခွင့်ပြု ဘို့တင်ထားတဲ့ရက်ကိုတော့ ထုတ်မပြောတော့ဘူး" ဟု ဦးကြည်ဝင်းကပြောပါ တယ်။

Voice of Burma


1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
voburma@ac.auone-net.jp


၁၉၉၅ ခု အောက်တိုဘာလ မှ စတင်၍ အပတ်စဉ်ထုတ်ဝေသည်

AIR MAIL

To

**PRINTED MATTER**